မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်၊ ၂၀၁၁ ခုနှစ်၊ ဧပြီ ၁၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၉၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၁၄) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

တက်ရောက်ချီးမြှင့်

တပ် မ တော် ကာ ကွယ် ရေး ဦး စီး ချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၁၄) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၉

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၁၄) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီခွဲတွင် ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ ကလောတပ်နယ်မှူး၊ ဗထူးတပ်နယ်မှူးနှင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ တပ်မတော်အရာရှိကြီးများ၊ သင်တန်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ညစာသုံးဆောင်

ထို့နောက် ဗိုလ်ချုပ်ကြီးနှင့်အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။

ကြည့်ရှုအားပေး

သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအပြီးတွင် ဗိုလ်ချုပ်ကြီးနှင့် အဖွဲ့ဝင်များသည် ကပွဲခန်းမ၌ မြဝတီတေးဂီတအဖွဲ့၊ မြဝတီအငြိမ့်အဖွဲ့တို့နှင့်အတူ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး) ၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်းတို့မှ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ဟောလိဝုဒ်၌ အောင်မြင်မှုအရှိဆုံး အမျိုးသမီးသရုပ်ဆောင် ဝီသာစပွန်း

ကလေးငယ်များ ကာကွယ်စောင့်ရှောက်ရေး ရန်ပုံငွေအဖွဲ့ အဖွဲ့ဝင်ဖြစ်ပြီး အေဗွန်ဖောင်ဒေးရှင်း၏ တစ်ကမ္ဘာလုံးဆိုင်ရာ သံတမန်အဖြစ် ဆောင်ရွက်နေသူဖြစ်သည်။

(စာ - ၅)

သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း စက်တပ်ဆင်အင်အား ၁၂၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်

တောင်ငူမြို့၏ အရှေ့ဘက် ၁၄ မိုင်ခန့်အကွာ သောက်ရေခပ်ချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည်။ (စာ - ၇)

အလျား ၂၄ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၂ ပေရှိ အုတ်ညှပ်၊ သွပ်မိုးတို့ဖြင့် ဆောက်လုပ်ထားသည့် ဝေနှင်းမြိုင်စာကြည့်တိုက်အဆောက်အအုံသစ် တောင်ကုတ်မြို့နယ် ကမ်းဒေးကျေးရွာ၌ဖွင့်။ (စာ - ၁၀)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဧပြီ ၁၀ ရက်)

သစ်တောသစ်ပင် အရှည်တည်တံ့ရေးထိန်းသိမ်းစောင့်ရှောက်

"သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး" ဆောင်ပုဒ်နှင့်အညီ ပြည်သူများ သစ်ပင်များကို တိုးချဲ့စိုက်ပျိုးကြပါက ရေရှည်တွင်အကျိုးများစွာဖြစ်ထွန်းမည်ဖြစ်သည်။

သစ်တောသစ်ပင်သည် သဘာဝရာသီဥတုကိုမျှရန် ဖန်တီးပေးလျက်ရှိသည်။ သစ်တောသစ်ပင်များ ပြုန်းတီးပါက သဘာဝရာသီဥတုများလွန်ကဲပြီး အပူလွန်ခြင်း၊ အအေးလွန်ခြင်း၊ မိုးခေါင်ခြင်းစသည်တို့ ဖြစ်ပေါ်မည်ဖြစ်သည်။

ယခုအခါ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကြောင့် ကမ္ဘာ့အိုဇုန်းလွှာများ ပျက်စီးခြင်း၊ သစ်တောများ ပြုန်းတီးမှုကြောင့် ရာသီဥတုများ ဖောက်ပြန်ကာ သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်နေသော ဂေဟစနစ်များလည်း ပျက်ယွင်းခြင်းတို့ဖြစ်ပေါ်လျက်ရှိသည်။

ရာသီဥတုလွန်ကဲမှုကြောင့် စိုက်ပျိုးရေနှင့် သောက်သုံးရေအတွက် အခက်အခဲကြုံတွေ့နိုင်ပြီး စားနပ်ရိက္ခာရှားပါးမှုများ ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် သစ်တောသစ်ပင်များကို ပြည်သူများက ထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီး၌ အမျိုးသားသဘာဝနယ်မြေများ သတ်မှတ်ထူထောင်ခြင်း၊ ကြိုးဝိုင်း၊ ကြိုးပြင်သစ်တောများ တိုးချဲ့ဖွဲ့စည်းသတ်မှတ်ခြင်း၊ သစ်တောစိုက်ခင်းများ ထူထောင်ခြင်း၊ မိုးရာသီ သစ်ပင်စိုက်ပွဲများ ကျင်းပခြင်း၊ ရေဝေရေလဲဒေသ ထိန်းသိမ်းခြင်း၊ ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ရေးဆောင်ရွက်ခြင်း စသည်တို့ဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

သို့ကြောင့်လည်း မြန်မာနိုင်ငံ၏ သဘာဝရာသီဥတုသည် လွန်ကဲခြင်းမရှိဘဲ ပြည်သူများ၏ စားဝတ်နေရေးအတွက် အကျိုးပြုလျက်ရှိသည်။

ထို့ကြောင့် သစ်တောသစ်ပင်များကို အသုံးပြုသော်လည်း သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမရှိစေရန် သစ်ပင်များကိုအစားထိုး စိုက်ပျိုးပြီး ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်သည်။ "သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး" ဆောင်ပုဒ်နှင့်အညီ ပြည်သူများ သစ်ပင်များကို နှစ်စဉ်တိုးချဲ့ စိုက်ပျိုးခြင်းဖြင့် သစ်တောသစ်ပင်ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သစ်တောရေးရာဝန်ကြီး ဦးဝင်းထွန်းအား UNDP ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၉

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းထွန်းအား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP) ဌာနေကိုယ်စားလှယ် Mr. Bishow B.Parajuli နှင့်အဖွဲ့သည် ယမန်နေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံ၍ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဒီရေတောများအပါအဝင် သစ်တောသယံဇာတထိန်းသိမ်းရေး၊ ဝန်ထမ်းများနှင့် ဒေသခံလူထုအား သစ်တောထိန်းသိမ်းရေးဆိုင်ရာ သင်တန်းများပို့ချရေးနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းထွန်းအား ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) ဌာနေ ကိုယ်စားလှယ် Mr. Bishow B.Parajuli နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သစ်တော)

အရှည် ၇၉မိုင်ကျော်ရှိ မင်းလှ-ကျွန်းကုန်းကားလမ်းသစ်ဖောက်လုပ်

ဆောက်လုပ်ရေးဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၉

မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ကျွန်းကုန်း ကားလမ်းသည် အရှည် ၇၉ မိုင် ၆ ဖာလုံရှိပြီး ရိုးမဖြတ်ကျော်လမ်း ခုနစ်လမ်းအနက် တောင်မှမြောက်သို့ ရေတွက်ပါက ဒုတိယမြောက်လမ်းဖြစ်ကာ အဆိုပါလမ်းကို အထူးစီမံကိန်းကြီးအဖွဲ့တစ်ဖွဲ့၊ အထူးအဖွဲ့ နှစ်ဖွဲ့၊ ခရိုင်အဖွဲ့ ခြောက်ဖွဲ့နှင့် ကုမ္ပဏီ ၁၈ ဖွဲ့တို့ဖြင့် ဖောက်လုပ်လျက်ရှိသည်။

ကြည့်ရှုစစ်ဆေး

အဆိုပါ လမ်းတစ်လျှောက် ကျောက်ခင်းခြင်း၊ ကတ္တရာခင်းခြင်းနှင့် စက်၊ ယာဉ်၊ ယန္တရားများဖြင့် ဥတစ်လုံးတောင်၊ ခါချဉ်တောင်၊ ဘုရားတောင်၊ ဇာမနည်တောင်နှင့် နတ်စင်တောင်တို့အား မြေကြီး ဖြိုချလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ဧပြီ ၅ ရက် မွန်းလွဲပိုင်းက လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့အပြင် ဝန်ကြီးသည် မိုင်တိုင်အမှတ်(၁၃/၇)မိုင်တွင် ပေ ၂၇၀ အရှည်ရှိ ရဲနွယ်ချောင်းတံတား တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်(မြန်မာစာ) ဘွဲ့ရ ကျောင်းသား ကျောင်းသူများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၉

၁၉၆၉ ခုနှစ် ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ် ရန်ကုန်(မြန်မာစာ)ဘွဲ့ရ ကျောင်းသား ကျောင်းသူများ၏ ဘွဲ့ရနှင့် (၄၂)နှစ်ပြည့် အထိမ်းအမှတ် အာစရိယပူဇော်ပွဲကို မေ ၁ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်များမှော်ရုံ တက္ကသိုလ်ရိပ်သာလမ်း ကမာရွတ်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ၁၉၆၉ ခုနှစ် ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ် ရန်ကုန် မြန်မာစာဘွဲ့ရ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဒေါ်ရီရီသန်း ဖုန်း-၅၅၆၇၃၃၊ ဒေါ်မြမြဟိန်း ဖုန်း-၂၄၃၃၆၃၊ ဒေါ်တင်အေးကျော် ဖုန်း-၀၉-၇၃၀၉၇၀၄၄၊ ဦးသိန်းထွန်း ဖုန်း-၀၉-၅၀၈၃၈၅၀၊ ဦးခင်မောင်မြင့် ဖုန်း-၀၉-၅၁၅၇၆၄၉၊ ဦးထွန်းအောင် ဖုန်း-၀၉-၅၁၅၇၃၈၅၊ ဗိုလ်မှူးကြီးမြင့်အုန်း(ငြိမ်း)ဖုန်း-၀၉-၅၁၇၁၈၉၄၊ ဦးတင်အောင် ဖုန်း-၀၉-၅၅၀၄၇၀၃ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ *(မြန်မာ့အလင်း)*

စိုက်ဧကနှင့် မြေကြီးမြေပုံမှန်ကန်ရေး ညှိနှိုင်းစည်းဝေး

ပုသိမ် ဧပြီ ၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန၏ လယ်ယာကဏ္ဍ စိုက်ဧကစာရင်းအင်းကိန်းဂဏန်းများ မှန်ကန်စွာကွင်းဆင်းကောက်ယူရေးနှင့် မြေကြီးမြေပုံနှင့် မြေစာရင်းမှန်ကန်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပုသိမ်မြို့နယ် မြေစာရင်းဦးစီးဌာနတွင် ဧပြီ ၆ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ တိုင်းဒေသကြီးအဆင့် ဆက်စပ်လုပ်ငန်းဌာန ဦးစီးမှူးများ၊ ပုသိမ်ခရိုင်အုပ်ချုပ်ရေးမှူး ၊ ခရိုင်နှင့် မြို့နယ်မြေစာရင်းဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်တင်မြင့်က ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး မှာကြားခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

ဘိုးဘွားရိပ်သာ အဆောင်သစ်

ဗန်းမော်မြို့၌ဖွင့်

ဗန်းမော် ဧပြီ ၉

ကချင်ပြည်နယ် ဗန်းမော်မြို့ ပေါက်ကုန်းရပ်ကွက်ရှိ ဗန်းမော်ခရိုင် ဘိုးဘွားရိပ်သာတွင် ခုတင် (၂၀)ဆံ့ အဘွားဆောင်သစ် ဖွင့်ပွဲကို ဧပြီ ၄ ရက် နံနက် ၉ နာရီက ကျင်းပရာ အဆိုပါ အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ညွှန့်၊ ရိပ်သာထိန်းသိမ်းစောင့်ရှောက်ရေး ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဆွေတို့က အဆောင်သစ်ကို ဖွင့်လှစ်ခဲ့ကြကြောင်း သိရှိရသည်။ (၁၂၈)

မတ် ၂၉ ရက်က မြောင်းမြမြို့မဈေးကြီးအတွင်း မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်း သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးသန်းဝင်း ကြီးကြပ်လျက် မြို့နယ်မီးသတ်ဦးစီးမှူးအဖွဲ့နှင့်ဈေးဝန်ထမ်းများ၊ဈေးသူဈေးသားများ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ခြင်ဆေးမီးပွား သတိမထားက စီးပွားဥစ္စာ ကုန်လိမ့်မည်

ကြည့်ရှုစစ်ဆေး

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း အမျိုးသားပြတိုက်(ရန်ကုန်) သီဟာသနပလ္လင်ပြခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ပိုမိုတန်ဖိုးထား လေးစားလာရေးဖော်ဆောင် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြီး အရိုးကို အရွက်မဖုံးစေရေး ဆန်းသစ်တီထွင်

ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဦးကျော်ဆန်း မှာကြား

ရန်ကုန် ဧပြီ ၉

ယဉ်ကျေးမှု ဝန်ကြီးဌာန၏ လုပ်ငန်းများသည် ကျယ်ပြန့်သိမ်မွေ့နက်နဲပြီး နိုင်ငံနှင့် လူမျိုးအတွက် အလွန်အရေးကြီးသော လုပ်ငန်းများဖြစ်ကြောင်း၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ မပျောက်ပျက်စေရန်နှင့် နိုင်ငံနှင့်လူမျိုးအတွင်း ပျံ့နှံ့တည်ရှိနေစေရန် နိုင်ငံတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့၏ ဘိုးဘေးများ အလေးထား စောင့်ရှောက်လာခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်များ အရှည်တည်တံ့ထွန်းကားပြန့်ပွားအောင် ဆောင်ရွက်ရေးသည် မိမိတို့အတွက် အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်ကြောင်းဖြင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက ယနေ့နံနက် ၉ နာရီတွင် အမျိုးသားပြတိုက်(ရန်ကုန်)၌ ရန်ကုန်တိုင်းဒေသကြီးရှိ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ကမ္ဘာတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ အလွန်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုများ၊ တစ်နည်းအားဖြင့် Globalization ဆိုသည်မှာလည်း လျင်မြန်စွာ စီးဆင်းဖြစ်ပေါ်လာလျက်ရှိကြောင်း။

ထိန်းသိမ်းဆောင်ရွက်

အထူးသဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ နည်းပညာတိုးတက်မှုနှင့် ဓနအင်အား တောင့်တင်းမှုတို့က ကမ္ဘာ၌ ယဉ်ကျေးမှုများ တစ်သားတည်းဖြစ်လာစေရေး Cultural Uniformization အယူအဆမှသည် Westernization ဟူသော အနောက်တိုင်းဆန်ရေး အယူအဆအထိ လွှမ်းမိုးပြောင်းလဲလာစေလျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် ပြန်ကြားရေးနှင့် ပတ်သက်၍ မီဒီယာကိုယ်ခံစွမ်းအားကောင်းရန် လိုအပ်သကဲ့သို့ ယဉ်ကျေးမှုနှင့်ပတ်သက်လျှင်လည်း ယဉ်ကျေးမှု အနုပညာကိုယ်ခံစွမ်းအားများ ကောင်းနေရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ မပျောက်ပျက်စေရန်နှင့် နိုင်ငံနှင့်လူမျိုးအတွင်း ပျံ့နှံ့တည်ရှိနေစေရန်အတွက် နှစ်စဉ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိကြောင်း၊ တစ်ဖက်၌လည်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ (မန္တလေး)နှင့် အနုပညာအထက်တန်းကျောင်းများ စသော အတတ်ပညာသင်တက္ကသိုလ်နှင့်ကျောင်းဖြင့် စာတမ်းဖတ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြီး အရိုးကို အရွက်မဖုံးစေသော ဆန်းသစ်တီထွင်မှုများဖြင့် ဖော်ဆောင်သွားကြရန် ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအတွင်းသာမက ဆက်စပ်နေသည့် ပြင်ပပညာရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ပါ အတွင်းနှင့်အပြင် ချိတ်ဆက်ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

များ တည်ထောင်ဖွင့်လှစ်ပေးပြီး ရိုးရာယဉ်ကျေးမှုနှင့် အနုပညာများကို မပျောက်ပျက်အောင်၊ မြင့်မားတိုးတက်အောင် ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့အနေဖြင့် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို တစ်မျိုးသားလုံးက ပိုမိုလက်ခံတန်ဖိုးထား လေးစားလိုက်နာကျင့်သုံးလာအောင် ဖော်ဆောင်ပေးကြရန်နှင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ ဓလေ့ထုံးစံများအား ကမ္ဘာကသိရှိလာရေး ကျယ်ပြန့်စွာ ထိုးဖောက်ဆောင်ရွက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သုတေသနပညာရှင်များ၊ အနုပညာရှင်များအနေ

ရုပ်ရှင်၊ ဂီတ စသည့် လုပ်ငန်းချင်းဆက်စပ်နေသော ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကလည်း ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်သင့်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း ဆို၊ က၊ ရေး၊ တီး အနုပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော ပညာရှင်လောကသားများအား ရပ်တည် ရှင်သန်နိုင်အောင် အားပေးထောက်ကူမှု ပြုပေးကြရန် လိုအပ်သကဲ့သို့ ၎င်းတို့၏ အနုပညာကို အသိအမှတ်ပြု အားပေးလက်ခံသော ပရိသတ် တိုးပွားလာအောင်လည်း ဆွဲဆောင်မြှင့်တင်ပေးကြရမည် ဖြစ်ကြောင်းဖြင့် ဝန်ကြီးက ပြောကြားခဲ့သည်။

အခမ်းအနားတွင် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကျော်ဦးလွင်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) တာဝန်ခံပါမောက္ခချုပ်ဦးကျော်ဦးနှင့် သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်အောင်စိုးတို့က ရန်ကုန်တိုင်းဒေသကြီးရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဌာနခွဲတာဝန်ခံများနှင့် မိတ်ဆက်ပေးပြီး အမျိုးသားပြတိုက်(ရန်ကုန်) ညွှန်ကြားရေးမှူး ဦးသောင်းဝင်းက အမျိုးသားပြတိုက်(ရန်ကုန်) ဖွင့်လှစ်ပြသမှုနှင့် ပြတိုက်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးဦးကျော်ဆန်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး အမျိုးသားပြတိုက်(ရန်ကုန်) မြေညီထပ်ရှိ သမိုင်းသုတေသနဦးစီးဌာန စာအုပ်အရောင်းဆိုင်၊ သမိုင်းသုတေသနစာကြည့်တိုက်ဌာန၊ မြန်မာအက္ခရာနှင့် လက်ရေးမူပြခန်း၊ အမှတ်တရ ပစ္စည်းအရောင်းဆိုင်များ၊ သီဟာသနပလ္လင်ပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ ပထမထပ်ရှိ မင်းခမ်းတော်ပစ္စည်းများပြခန်း၊ မြန်မာ့သမိုင်း မတင်မီခေတ်နှင့် သမိုင်းတင်ခေတ်ဦးပြခန်း၊ သဘာဝသမိုင်းပြခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဖွင့်လှစ်ထားရှိ

အမျိုးသားပြတိုက်(ရန်ကုန်)ကို တနင်္လာ၊ အင်္ဂါနှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားရှိပြီး ဝင်ကြေးအဖြစ် လူကြီးတစ်ဦးလျှင် ငွေကျပ် ၅၀၀၊ ကလေးတစ်ဦးလျှင် ငွေကျပ် ၂၅၀ နှင့် နိုင်ငံခြားသားတစ်ဦးလျှင် အမေရိကန် ၅ ဒေါ်လာဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း အမျိုးသားပြတိုက်(ရန်ကုန်) ရတနာပုံခေတ်ပြခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေလျှင်ဘေးဒဏ်သင့် ပြည်သူများသို့ အလှူငွေများပေးပို့လှူဒါန်း

နေပြည်တော် ဧပြီ ၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ၊ တာချီလိတ်ဒေသ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိုးရွှေနှင့် အဖွဲ့ဝင်များဖြစ်ကြသော ဦးနော်အောင်၊ ဦးစိုင်းတစ်အောင်တို့သည် ကျိုင်းတုံမြို့ ဟိုတယ်နှင့် တည်းခိုရိပ်သာ ၁၁ လုံးတို့မှ စုပေါင်းလှူဒါန်းငွေကျပ်၂၅ ဒသမ ၅ သိန်းကိုလည်းကောင်း၊ တာချီလိတ်မြို့ ဟိုတယ်နှင့် တည်းခိုရိပ်သာ ၁၂ လုံးတို့မှ စုပေါင်းလှူဒါန်းငွေကျပ် ၁၄၀ ဒသမ ၅ သိန်းနှင့် ထိုင်းဘတ်ငွေ ၄၁၀၅၀၀ ဘတ်တို့အားလည်းကောင်း မတ် ၂၅ ရက်တွင် သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အီရတ်ကို အမေရိကန်တို့ ကျူးကျော်မှု ရှစ်နှစ်ပြည့်ပြီ ဗုံးခွဲတိုက်ခိုက်မှုများကြောင့် ပြည်သူတို့ ဘေးဒုက္ခများနှင့် တွေ့ကြုံနေရဆဲ

ဘဂ္ဂဒက် ဧပြီ ၉

အီရတ်နိုင်ငံကို အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ၂၀၀၃ ခုနှစ် ဧပြီ ၉ ရက်မှ စတင်ကာ ကျူးကျော်ဝင်ရောက်ခဲ့ရာ ယခု၂၀၁၁ ခုနှစ် ဧပြီ ၉ ရက်၌ ရှစ်နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ ယခုအခါ အီရတ်နိုင်ငံတစ်ဝန်းတွင် ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားနေဆဲဖြစ်ရာ ပြည်သူတို့ဘေးဒုက္ခများနှင့် တွေ့ကြုံနေရဆဲဖြစ်သည်။

ထိုသို့ ရှစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် အီရတ်ခေါင်းဆောင်တစ်ဦးဖြစ်သူ မော့တာဒါအယ်ဆာဒါးက ဘဂ္ဂဒက်မြို့တွင် မိန့်ခွန်းပြောကြားရာ၌ အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်မှ မထွက်ခွာလျှင် ပြင်းထန်သော တိုက်ခိုက်မှုများနှင့် ကြုံတွေ့ရနိုင်ကြောင်း သတိပေးပြောကြားလိုက်သည်။

ပြုလုပ်

အီရတ်နိုင်ငံတစ်ဝန်း မြို့ကြီးအချို့၌ အမေရိကန်တို့ ကျူးကျော်မှု ရှစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ဆန့်ကျင်ဆန္ဒပြပွဲများ ပြုလုပ်လျက်ရှိသည်။ **အမေရိကန် တပ်များချက်ချင်းရုပ်သိမ်း** ဟူသော စာတန်းများကိုင်ဆောင်ကာ စုဝေးဆန္ဒပြကြသည်။

အီရတ်နိုင်ငံတစ်ဝန်းတွင် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်အင်အား ၄၇၀၀၀ ခန့် ရှိနေဆဲဖြစ်ရာ ၂၀၁၁ ခုနှစ် ကုန်ဆုံးလျှင် ရုပ်သိမ်းမည်ဟု အမေရိကန်စစ်ဘက်ထိပ်တန်းအရာရှိများက ပြောကြားလျက်ရှိသည်။ အီရတ်ပြည်သူအများစုကမူ အီရတ်မှ ပြည်ပတပ်ဖွဲ့များ အမြန်ဆုံးထွက်ခွာရန် လိုလားလျက်ရှိသည်။

အီရတ်နိုင်ငံသည် သမ္မတဟောင်း ဆက်ဒမ်ဟူစိန်လက်ထက်က စီးပွားရေးချွတ်ခြုံကျမှုမရှိသော်လည်း စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးခဲ့သည်။ နိုင်ငံတစ်ဝန်း တည်ငြိမ်မှုရှိခဲ့ပြီး စီးပွားရေးအခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးမှု မရှိခဲ့ချေ။

ပျက်စီးဆုံးရှုံး

၂၀၀၃ ခုနှစ် ဧပြီ ၉ ရက်နောက်ပိုင်း အီရတ်ကို အမေရိကန်နှင့် အပေါင်းပါတပ်များ ကျူးကျော်ဝင်ရောက်ခဲ့သည့်အချိန်မှ စတင်ကာ ရေနံတွင်းများ၊ ရေနံချက်စက်ရုံများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများနှင့် စက်ရုံ အလုပ်ရုံများ ပျက်စီးခဲ့ရသည်။ စီးပွားရေးအခြေခံအဆောက်အအုံများလည်း အများအပြား ပျက်စီးဆုံးရှုံးခဲ့ရသည်။

အီရတ်ပြည်သူများမှာစစ်ဒဏ်ကြောင့် သေဆုံး၊ ဒဏ်ရာရမှု ထောင်ပေါင်းများစွာရှိခဲ့ပြီး နေအိမ်အဆောက်အအုံများ ပျက်စီးကာ အိုးမဲ့အိမ်မဲ့ ဖြစ်သူနှင့် ဒုက္ခိတဘဝရောက်ရှိသူဦးရေမှာ တစ်နေ့တခြား များပြားလာခဲ့သည်။ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ဝေဟင်နှင့် မြေပြင်မှ တိုက်ခိုက်မှုများကြောင့် အီရတ်မြို့ကြီးများဖြစ်သော ဘဂ္ဂဒက်၊ မိုဆူးလ်၊ တီကရစ် စသည်တို့တွင် နေအိမ်များ၊ တံတားများ ပျက်စီးကာ လျှပ်စစ်ဓာတ်အားနှင့် သောက်သုံးရေ ပေးဝေမှုစနစ်များ ယခုထိတိုင် အချို့နေရာများ၌ ပျက်စီးပြတ်တောက်နေဆဲပင် ဖြစ်သည်။

ယခုအချိန်အထိ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင် ၁၀၀၂၀ ကျော် သေဆုံးခဲ့သလို ဒဏ်ရာရသူ အများအပြားရှိခဲ့သည်။

အီရတ်နိုင်ငံတစ်ဝန်း ဗုံးခွဲတိုက်ခိုက်မှုများကြောင့် သေဆုံးဒဏ်ရာ ရလျက်ရှိရာ အီရတ်ပြည်သူတို့ ငိုကြွေးမဆုံးရှိနေရဆဲပင်....။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်မှုကြောင့် အီရတ်ကလေးငယ်ထောင်ပေါင်းများစွာ သေဆုံးဒဏ်ရာရရှိမှုအပြင် ကိုယ်လက်အင်္ဂါချို့ယွင်းသူ ကလေးငယ်ဦးရေမှာလည်း ရာပေါင်းများစွာ ရှိခဲ့သည်။ ဆက်လက်၍လည်း ကလေးငယ်များ၏ အသက်ရှင်သန်ခွင့်နှင့် ပျက်စီးနေသော စာသင်ကျောင်းများကြောင့် ပညာသင်ကြားရေးမှာ စိုးရိမ်နေရဆဲပင်ဖြစ်သည်။

နိုင်ငံတကာ သုံးသပ်ဝေဖန်သူများက အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် အနည်းဆုံး အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀၀ ကျော် ကုန်ကျနိုင်မည်ဟု မှန်းဆလျက်ရှိသည်။ အချိန်ကာလလည်း ကြာမြင့်မည်ဟု သုံးသပ်လျက်ရှိရာ အီရတ်ပြည်သူတို့၏ အနာဂတ်မှာ စိုးရိမ်သောကများဖြင့် ရှိနေဆဲပင်ဖြစ်သည်။ ။ **(အင်တာနက်)**

အစ္စရေးနိုင်ငံအလယ်ပိုင်း နေတန်ယာမြို့အနီးတွင် ရထားနှစ်စင်း တိုက်မှုဖြစ်ပွားပြီးနောက် ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

အစ္စရေးအလယ်ပိုင်း၌ ရထားနှစ်စင်းတိုက်မိ ခရီးသည် ၁၅ ဦး ဒဏ်ရာရရှိ

ဂျေရုဆလင် ဧပြီ ၉

အစ္စရေးနိုင်ငံအလယ်ပိုင်း နေတန်ယာမြို့အနီးတွင် ဧပြီ ၈ ရက် နံနက်က ရထားနှစ်စင်းတိုက်မှုဖြစ်ပွားရာ ခရီးသည် ၁၅ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်တွင်းမီဒီယာများက ဧပြီ ၉ ရက်တွင် ဖော်ပြသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်

ရထားနှစ်စင်းတိုက်မှု မည်သို့ဖြစ်ပွားသည်ကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ ချက်ချင်းသွားရောက်ပြီး ကယ်ဆယ်ရေးနှင့် အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

မီးလောင်မှုဖြစ်

အစ္စရေးနိုင်ငံတွင် ရထားမတော်တဆမှုများ မကြာခဏ ဖြစ်ပွားလျက်ရှိရာ ဧပြီ ၆ရက်ကလည်း တဲလ်အဗစ်မြို့သို့ မောင်းနှင်လာသော ခရီးသည်တင်ရထားတစ်စင်း မီးလောင်မှု ဖြစ်ပွားခဲ့သည်။ ထိုသို့ ရထားမီးလောင်မှုဖြစ်ပွားခဲ့ခြင်းကြောင့် ၎င်းရထားပေါ်မှ ခရီးသည်များအား အခြားရထားပေါ် ပြောင်းတင်ပေးခဲ့ရသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

ဂျာမနီတောင်ပိုင်း၌ သဲမုန်တိုင်းတိုက်ခတ် ယာဉ်အစီး ၄၀ ကျော် ဆင့်ကဲတိုက်မှုဖြစ်ပွား

ဘာလင် ဧပြီ ၉

ဂျာမနီနိုင်ငံတောင်ပိုင်း ဆိပ်ကမ်းမြို့ဖြစ်သည့် ရိုစတော့စ်မြို့တွင် ဧပြီ ၉ ရက်က သဲမုန်တိုင်းတိုက်ခတ်မှုကြောင့် မော်တော်ယာဉ်အစီး ၄၀ကျော် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ ၁၀ ဦးသေဆုံးပြီး ၉၇ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း ဂျာမနီအရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)**

အခင်းဖြစ်ပွားမှုမှာ ရိုစတော့စ်မြို့ အေ ၁၉ အဝေးပြေးကားလမ်းမပေါ်တွင် ထရပ်ကားသုံးစီးနှင့် ကိုယ်ပိုင်ဆလွန်းကားအစီး ၄၀ ခန့် ဆက်တိုက်ဆင့်ကဲတိုက်မိမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထိုသို့ ယာဉ်များဆင့်ကဲတိုက်မှု ဖြစ်ပွားခဲ့သဖြင့် ယာဉ်အစီး ၂၀ ခန့် မီးလောင်ခဲ့သည်။ ယာဉ်များယခုကဲ့သို့ ယာဉ်ကြောများ မကြာခဏပိတ်ကာ တိုက်မိမှုဖြစ်ပွားရခြင်းမှာ ဂျာမနီနိုင်ငံတောင်ပိုင်းတွင် သဲမုန်တိုင်းများ အဆက်မပြတ်တိုက်ခတ်နေ၍ ဖြစ်ကြောင်း၊ အဝေးပြေးလမ်းမပေါ်တွင် ယာဉ်တိုက်မှုကြောင့် မီတာ ၁၀၀ ခန့် ရှည်သော ယာဉ်တန်းကြီး ဖြစ်ပေါ်လေ့ရှိကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

❖ မိုးမြင့်လင်းလက် -- စုစည်းသည် ❖

အိုမန်တောင်ပိုင်းကမ်းလွန်၌ ကုန်သင်္ဘောအပိုင်စီးခံရ

နိုင်ရိုဘီ ဧပြီ ၉

အိုမန်နိုင်ငံတောင်ပိုင်းကမ်းလွန် ၃၅ မိုင်ခန့်အကွာ၌ ဧပြီ ၈ ရက်က ကုန်သင်္ဘောတစ်စင်းကို ပင်လယ်ဓားပြများက အပိုင်စီးသွားကြောင်း ပင်လယ်ဓားပြနှိမ်နင်းရေးတပ်ဖွဲ့က ဧပြီ ၉ ရက်၌ ပြောကြားသည်။

အပိုင်စီး

၎င်းသင်္ဘောသည် ဂျာမနီနိုင်ငံမှဖြစ်ပြီး အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ ဆိပ်ကမ်းမှ ဆူဒန်နိုင်ငံသို့ မောင်းနှင်လာစဉ် အိုမန်နိုင်ငံကမ်းလွန်၌ ပင်လယ်ဓားပြများ၏ အပိုင်စီးမှုကို ခံခဲ့ရခြင်းဖြစ်သည်။

ပြုလုပ်နေ

သင်္ဘောပေါ်တွင် ဖိလစ်ပိုင်သင်္ဘောသားခြောက်ဦးနှင့် ယူကရိန်း သင်္ဘောသားလေးဦးတို့ပါရှိသွားခဲ့ကြသည်။ ပင်လယ်ဓားပြများသည် နိုင်ငံတကာ ပင်လယ်ဓားပြနှိမ်နင်းရေး စစ်သင်္ဘောများနှင့်ကင်းဝေးရာ အာဖရိကအရှေ့ပိုင်းကမ်းလွန်ရေပြင်၌ သင်္ဘောများကို ဆက်လက်အပိုင်စီးမှုများ ပြုလုပ်နေလျက်ပင်ဖြစ်သည်။

ပြန်လွှတ်ပေး

ပင်လယ်ဓားပြများသည် အပိုင်စီးထားသော သင်္ဘောတစ်စင်းနှင့် သင်္ဘောသားများကို အနည်းဆုံး အမေရိကန်ဒေါ်လာ ငါးသန်းပေးမှသာ ပြန်လွှတ်ပေးလေ့ရှိကြသည်။ **(အင်တာနက်)**



အီရန်၌ ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲ ဓာတ်ငွေ့ဖြန့်ဖြူးမှုများ ရပ်ဆိုင်း

တီဟီရန် ဧပြီ ၉

အီရန်နိုင်ငံ အလယ်ပိုင်းတွင် ဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲမီးလောင်မှု သုံးကြိမ်ဖြစ်ပွားခဲ့ရာ ဓာတ်ငွေ့ဖြန့်ဖြူးမှုများ ပြတ်တောက်ခဲ့ရကြောင်း အီရန်အရာရှိများက ဧပြီ ၉ ရက်၌ သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

ဖြစ်ပွားခဲ့

ဖြစ်ပွားမှုမှာ အီရန်နိုင်ငံတောင်ပိုင်းမှ အနောက်မြောက်ပိုင်းဒေသများသို့ ဓာတ်ငွေ့ဖြန့်ဖြူးပေးနေသော ဓာတ်ငွေ့ပိုက်လိုင်းမှာ ကွမ်မြို့အနီးတွင် ပေါက်ကွဲမှုသုံးကြိမ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲမှုများမှာ အကြမ်းဖက်သမားများ၏ လက်ချက် သို့မဟုတ် အခြားမတော်တဆဖြစ်ရပ်ကြောင့် ဟုတ်မဟုတ်ဆိုသည်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ လွန်ခဲ့သည့်နှစ်လခန့်ကလည်း ၎င်းနေရာ၌ ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့သေးကြောင်း သိရသည်။ **(အင်တာနက်)**

10-4 (04).pmd 1 4/10/2011, 2:15 AM

KENBO ဖလားဂေါက်သီးရိုက်ပြိုင်ပွဲ ရွှေမန်းတောင်ဂေါက်ကလပ်၌ကျင်းပ

ရန်ကုန် ဧပြီ ၉

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ KENBO မှ အဓိက ကူညီပံ့ပိုးသော ၂၀၁၁ ခုနှစ် သင်္ကြန် အကြို KENBO ဖလား ဂေါက်သီး ရိုက်ပြိုင်ပွဲ ဆင့်မပွဲစဉ်ကို ဧပြီ ၅ ရက်က မန္တလေးမြို့ ရွှေမန်းတောင် ဂေါက်ကလပ်၌ ကျင်းပသည်။

ဆုရရှိကြ

ပြိုင်ပွဲတွင် Nearest Pin ဆုကို ဇော်ဇော်ထွန်း၊ Nearest to the Line ဆုကို အောင်ကိုဦး၊ Longest Drive ဆုကို ကျော်မင်းဌေး၊ Most Birdie ဆုကို မျိုးဇော်အောင်တို့ ရရှိသွားသည်။

အမျိုးသမီး (System 36) ဖြင့် တွက်ချက်သည့်ပြိုင်ပွဲတွင် အသားတင် ရိုက်ချက် ၇၆ ချက်ဖြင့် ဖူးဖူးစံက ပထမ၊ အသားတင်ရိုက်ချက် ၇၇ ချက်ဖြင့် ခင်ထန်းဝင်းက ဒုတိယ၊ အသားတင်ရိုက်ချက် ၇၇ ချက်ဖြင့် မြင့်မြင့်အေးက တတိယ၊ အသားတင် ရိုက်ချက် ၈၀ ဖြင့် ခင်ပြုံးယဉ်က စတုတ္ထနှင့် အသားတင်ရိုက်ချက် ၈၅ ချက်ဖြင့် ကေသရီကျော်က ပဉ္စမ ရရှိသည်။

အမျိုးသား (System 36)ဖြင့် တွက်ချက်သည့်ပြိုင်ပွဲတွင် အသားတင်ရိုက်ချက် ၆၈ ချက်ဖြင့် မြင့်ကိုက ပထမ၊ အသားတင်ရိုက်ချက် ၆၉ ချက်ဖြင့် လင်းသဲက ဒုတိယ၊ အသားတင်ရိုက်ချက် ၇၀ ဖြင့် အောင်မြင့်သိန်းက တတိယ ရရှိသည်။

ပေးအပ်ချီးမြှင့်

အကျော့မဲ့ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၇၂ ချက်ဖြင့် ကျော်ကျော်က ပထမ၊ အသားတင်ရိုက်ချက် ၇၂ ချက်ဖြင့် ကောကောက ဒုတိယ၊ အသားတင်ရိုက်ချက် ၇၂ ချက်ဖြင့် တင်လင်းကိုက တတိယရရှိပြီး ပထမဆုရ ကျော်ကျော်အား Aung KENBO Trading Co.,Ltd. မှ ဒါရိုက်တာ ဦးမျိုးမင်းက KENBO ဆိုင်ကယ်တစ်စီး ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုလက်ဆောင်

ထို့နောက် Aung KENBO Trading Co.,Ltd မှ စီမံခန့်ခွဲမှု မန်နေဂျာ ဗိုလ်ကြီးခင်ဇော်(ငြိမ်း)က ရွှေမန်းတောင်ဂေါက်ကလပ်သို့ အမှတ်တရ ဂုဏ်ပြုလက်ဆောင် ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်စွာထွန်းနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးအဖွဲ့တို့မှ တာဝန်ရှိသူများ မတ် ၂၈ ရက်က မုံရွာတောင် ကားလေးဝင်း (အဝေးပြေးကားဝင်း) အတွင်း၌ ခရီးသည် မော်တော်ယာဉ်များ စနစ်တကျ ထွက်ခွာမှု ရှိ မရှိ၊ လုပ်ငန်းလိုင်စင်ပြည့်စုံမှု ရှိ မရှိ၊ မော်တော်ယာဉ် ကြံ့ခိုင်မှု ရှိ မရှိနှင့် မီးသတ်ဆေးဘူး တပ်ဆင်ထားမှု ရှိ မရှိ စစ်ဆေးကြစဉ်။

(ခရိုင် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၁၀-၄-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၁၅ ၅။ ဓမ္မပူဇာတေး
၇:၂၀ ၆။ မျိုးချစ်တပ်မတော်
၇:၂၅ ၇။ မြန်မာ့ရှုခင်း
၇:၃၀ ၈။ မြန်မာသံစဉ် ချိုနှားဝင်
၇:၄၀ ၉။ ခါသင်္ကြန်အဆိုအကများ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁:၀၄ ၃။ နိုင်ငံတော်သီချင်း
၁၁:၀၅ ၄။ အဖွင့်သီချင်း
၁၁:၁၀ ၅။ မျိုးချစ်တပ်မတော်
၁၁:၂၀ ၆။ ကာတွန်းအစီအစဉ်
ချစ်မိတ်ဆွေဗလကြီး
(အပိုင်း-၄၆)
၁၁:၄၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
ချစ်မိသွားတဲ့အခါ
၁၂:၃၀ ၈။ ကျန်းမာသုတ
၁၂:၄၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
ချစ်မျက်ရည်လေးပြယ်ပါစေ
(အပိုင်း-၅၇)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄ ၃။ နိုင်ငံတော်သီချင်း
၄:၀၅ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ မျိုးချစ်တပ်မတော်
၄:၁၅ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၄:၃၀ ၇။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄:၄၀ ၈။ မြန်မာ့ရှုခင်း
၄:၅၀ ၉။ အားလုံးရဲ့တာဝန်
၅:၁၅ ၁၀။ ခါသင်္ကြန်အဆိုအကများ
၅:၃၀ ၁၁။ ဒီဗိုင်နာတို့ရဲ့ ဒီဗိုင်း
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၄။ ဘဝကြေးမုံ
ဆိုခဲ့ဖူးသောသစ္စာ
လှမင်း၊ ပပဝင်းခင်
[ဒါရိုက်တာ-ဆဲဗင်း (Ic)]
၆:၅၀ ၁၅။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
မျှော်လင့်ခြင်းရောင်ခြည်
(အပိုင်း-၂၇)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ ပဟေဠိနန်းတော်
၂၂။ ကျန်းမာသုတ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
ထာဝရချစ်သူ
(အပိုင်း-၂)
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
အိမ်အပြန်လမ်း
(အပိုင်း-၄၄)

ဆင့်မအကြိမ်မြောက် အင်ဂျင်နီယာများ ဆုံစည်းဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၉

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဂေါက်သီးကစားပွဲကျင်းပရေးကော်မတီက ကြီးမှူး၍ ဆင့်မအကြိမ်မြောက် အင်ဂျင်နီယာများ ဆုံစည်းဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၁ ခုနှစ် မေ ၈ ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီခွဲတွင် Royal Mingalardon Golf & Country Club ၌ ကျင်းပမည်ဖြစ်ရာ ဂေါက်သီးဝါသနာရှင် အင်ဂျင်နီယာများ ပါဝင်ကစားကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။

ပေးပို့နိုင်

အဆိုပါပြိုင်ပွဲကို Main Sponsor အဖြစ် KABAR SERVICES Co., Ltd. မှ တာဝန်ယူမည်ဖြစ်ပြီး ပြိုင်ပွဲ၌ ကံစမ်းမဲ (Lucky Draw) များ၊အမှတ်တရလက်ဆောင်ပစ္စည်းများပေးရာတွင် ပါဝင်လိုသောပုဂ္ဂိုလ်များအနေဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ ကုမ္ပဏီအနေဖြင့်သော်လည်းကောင်း မိတ်ဆက်လိုသောပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများကို ဦးတင်အောင်မြင့် ဖုန်း-၀၉-၅၀၁၀၃၈၄၊ ဦးလှမြင့် ဖုန်း-၀၉-၅၀၀၁၁၂၃၊ ဦးမြင့်လွင် ဖုန်း-၀၉-၅၀၀၅၂၅၂၊ ဦးစိုးလွင် (မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း) ဖုန်း-၀၁-၅၁၉၆၇၃၊ Ext-၂၁၁နှင့် ဦးခင်အေး ဖုန်း-၀၁-၅၁၉၆၈၃တို့ထံ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ဟောလိဝုဒ်၏ အောင်မြင်မှုအရှိဆုံး အမျိုးသမီးသရုပ်ဆောင် ရီးဆီဝီသာစပွန်း

မောင်မောင်မြင့်ဆွေ - စုစည်းသည်

ဟောလိဝုဒ်၌ ယနေ့အချိန်တွင် အောင်မြင်မှုအရှိဆုံးနှင့် အကျော်ကြားဆုံး အမျိုးသမီးသရုပ်ဆောင်တစ်ဦးမှာ ရီးဆီဝီသာစပွန်းဖြစ်ပြီး ဟောလိဝုဒ်တွင် အောင်မြင်မှုရှိသည့် အမျိုးသမီးသရုပ်ဆောင် ၁၀ ဦးအနက် ထိပ်ဆုံးမှ ရပ်တည်နေသူဖြစ်သည်။

ရီးဆီဝီသာစပွန်း၏ ဘဝဖြတ်သန်းမှုကိုကြည့်လျှင် ဤသို့ တွေ့ရမည်ဖြစ်သည်-

အမည်ရင်း	- လော်ရာဂျိန်းရီးဆီဝီသာစပွန်း
မွေးသက္ကရာဇ်	- ၁၉၇၆ ခုနှစ် မတ် ၂၂ ရက်
မွေးရပ်	- နယူးအော်လန်းစ်မြို့ လူဝီစီယားနားပြည်နယ် အမေရိကန်နိုင်ငံ
အလုပ်အကိုင်	- သရုပ်ဆောင်နှင့် ရုပ်ရှင်ထုတ်လုပ်သူ
ရုပ်ရှင်စတင်ရိုက်ကူးမှု	- **"The Man in the Moon"** (၁၉၉၁ခုနှစ်)
ရိုက်ကူးပြီးရုပ်ရှင်ဇာတ်ကား	- ၄၀ ကျော်
အိမ်ထောင်ရေး	- သရုပ်ဆောင် ရိုင်ဖီးလ်လစ်ပီနှင့် ၁၉၉၉ခုနှစ်၌ လက်ထပ်ခဲ့သည်။ အီဗာနှင့် ဒီရာကွန် အမည်ရှိ သားသမီးနှစ်ဦးရရှိသည်။ ၂၀၀၇ ခုနှစ် အောက်တိုဘာ၌ ရိုင်ဖီးလ်လစ်ပီနှင့် ကွာရှင်းခဲ့သည်။ ၂၀၁၁ ခုနှစ်၌ ဂျမ်တို့ရှ် အမည်ရှိ အမျိုးသားတစ်ဦးနှင့် လက်ထပ်ခဲ့သည်။
လူမှုရေးလုပ်ငန်း	- ကလေးငယ်များ ကာကွယ်စောင့်ရှောက်ရေးရန်ပုံငွေအဖွဲ့ အဖွဲ့ဝင်ဖြစ်ပြီး အကူအညီပေးရေး အဖွဲ့တစ်ဖွဲ့ဖြစ်သည့် အေဗွန်ဖောင်ဒေးရှင်း၏ တစ်ကမ္ဘာလုံးဆိုင်ရာ သံတမန်အဖြစ်ဆောင်ရွက်လျက်ရှိသည်။
အောင်မြင်ခဲ့သည့် ရုပ်ရှင်ဇာတ်ကားများ	- **"The Man in the Moon"** (1991)**"Wildflower"**(1996)၊ **"Freeway"** (1998)၊ **"Walk The Line"**(2005)၊ **"Penelope"**(2008)၊**"How Do You Know"** (2010)၊ **"Water For Elephants"** (2011)၊ **"Vanity Fair"** (2004)၊
လက်ရှိ ရိုက်ကူးနေသည့် ရုပ်ရှင်ဇာတ်ကား	- **"This Means War"**
ဆုတံဆိပ်ရရှိမှု	- အကောင်းဆုံး လူငယ်အမျိုးသမီး သရုပ်ဆောင်ဆု "(Jack the Bear") ၁၉၉၃ ခုနှစ်၊ အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆု (Freeway) ၁၉၉၈ ခုနှစ်၊Vanity Fair ဇာတ်ကားဖြင့် ၂၀၀၄ ခုနှစ်၌ အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင် ရွှေကမ္ဘာလုံးဆု၊ ၂၀၀၄ ခုနှစ်အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်အကယ်ဒမီဆု (Vanity Fair)
ထုတ်လုပ်ခဲ့သည့် ရုပ်ရှင်ကားများ	- **"Legally Blonde 2; Red, White & Blonde"** - **"Penelope"**၊ - **"Four Christmases"**

(အင်တာနက်)

ဝီသာစပွန်း၏ ချစ်စဖွယ်အပြုံး။

ဖားဆောင်းမြို့တွင်း သန့်ရှင်းရေး လုပ်ငန်းကို မတ် ၁၁ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းထိုက်ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကြံစိုက်ကိရိယာ အသုံးပြုမှု တောင်ကြီး၌ သရုပ်ပြ

တောင်ကြီး ဧပြီ ၉

ကြံစိုက်ကိရိယာနှင့် မြေမာခွဲကိရိယာ အသုံးပြုမှု သရုပ်ပြပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာအုပ်စု ကွင်းအမှတ်(၆) ကြံတောင်သူ ဦးအောင်ကြိုင်း စိုက်ကွင်း၌ မတ် ၅ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

လက်တွေ့သရုပ်ပြ

ရှေးဦးစွာ တောင်ကြီးခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က အမှာစကားပြောကြားပြီး ကြံသီးနှံ လုပ်ငန်းဌာန အထွေထွေမန်နေဂျာ ဦးတိုးဝင်းနှင့် ဒုတိယအထွေထွေမန်နေဂျာ ဦးဘိုရီတို့က သရုပ်ပြပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းသည်။ ဆက်လက်၍ ပြည်နယ်တာဝန်ခံ ဦးမြဝင်းက သရုပ်ပြပွဲ ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြီး ကြံစိုက်ကိရိယာ အသုံးပြုမှုကို လက်တွေ့ သရုပ်ပြသခဲ့ကြောင်း သိရှိရသည်။

(၁၈၉)

ကျောက်ချောလမ်းခင်း

တောင်ကုတ်မြို့နယ်တွင် အမှုဆောင်အရာရှိ ဦးလှဖော်ဇံ၊ လက်ထောက်အင်ဂျင်နီယာ ဦးလှကြည်နှင့် ဝန်ထမ်းများ ခေမာသီလမ်း(ကိုင်းရှည်) ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် မတ် ၂၁ရက်က ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

နေပြည်တော်ရှိ ဆက်သွယ်ရေးစခန်းများ ဝန်ကြီး ဦးသိန်းထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၉

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းထွန်းသည် ဧပြီ ၇ ရက်က နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့ စာတိုက်နှင့် အိတ်ချိန်း စက်မှုအဆောက်အအုံ တည်ဆောက်ထားသည့်နေရာ၊ နေပြည်တော် အိတ်ချိန်းနှင့် ပုဗ္ဗသီရိမြို့ အိတ်ချိန်းအဆောက်အအုံတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးစဉ် ဝန်ကြီးက စက်ပစ္စည်းများလုံခြုံရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊နှစ်ရှည်ပင်များ စိုက်ပျိုးရေး စသည်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းထွန်း နေပြည်တော် အိတ်ချိန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးအောင်ကြည်အား အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး တွေ့ဆုံ

နေပြည်တော် ဧပြီ ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E Dr. V.S Seshadri နှင့် အဖွဲ့သည် ဧပြီ ၈ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ဝန်ကြီး၏ မေခလာ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ အိန္ဒိယနိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံတွင်၂၀၀၈ခုနှစ်က ကျရောက်ခဲ့သော နာဂစ်လေဘေးဒဏ်သင့် ပြည်သူများအား ကူညီပံ့ပိုးမှုများပေးခဲ့သည့်နည်းတူ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့နယ်၌ ဖြစ်ပွားခဲ့သော ငလျင်ဒဏ်သင့် ပြည်သူများအတွက် ကူညီပံ့ပိုးမှုများ ပေးသွားမည့်အစီအစဉ်နှင့် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ကိစ္စရပ်များအတွက်လည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားရန် ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ဘားအံမြို့နယ်၌ ကွင်းဆင်းစစ်ဆေး

ဘားအံ ဧပြီ ၉

ဘားအံမြို့နယ်အပါအဝင် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်ဆောင်ရွက်လျက်ရှိသည်။

ကွင်းဆင်းစစ်ဆေး

ထိုသို့ဆောင်ရွက်ရာသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ကရင်ပြည်နယ်ဦးစီးဌာနမှူး ဦးတင်အောင်၊ ဒုတိယ ပြည်နယ်ဦးစီးဌာနမှူး ဦးဇော်မိုးအောင်၊ ခရိုင်ဦးစီးဌာနမှူး ဦးမင်းချစ်မောင်၊ မြို့နယ်ဦးစီးဌာနမှူး ဦးသက်တင် **(အောက်ပုံ)** တို့ပါဝင်သောအဖွဲ့ သွားရောက်၍ မတ် ၂၃ ရက် မွန်းလွဲပိုင်းတွင် ဘားအံမြို့နယ် အိန္ဒူကျေးရွာအုပ်စု၌ မြေစာရင်း ဝန်ထမ်းများက မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း နောက်ဆက်တွဲစာရင်းကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုကွင်းဆင်း စစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်မြေစာရင်း)**

ကြီးကြပ် ဆောင်ရွက်

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်တင်မာအေးနှင့်အဖွဲ့ ညောင်လေးပင်မြို့နယ် ဆုံကွဲကျေးရွာ၌ ကျေးလက်အိမ်ရာ ဆောက်လုပ်မှုကို အမှုဆောင်အရာရှိ ဦးအမ်လုသောင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့ယဉ်ကျေးမှုသကြၤန်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။

* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။

* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသကြၤန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။	လက်ဝယ်တွေ့ရှိသူ	-	ထောင်(၁)နှစ်
၂။	ကစားသူ	-	ထောင်(၃)နှစ်
၃။	ထုတ်လုပ်ရောင်းချသူ	-	ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

လှပအသီကျစေသည့် Lobese ဆေးဝါးဖြန့်ချိ

ရန်ကုန် ဧပြီ ၉

ကိုယ်အလေးချိန် ရှိသင့်သည်ထက် မပိုစေရန် နေ့စဉ် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများ ပုံမှန်လုပ်ခြင်းသည် ကိုယ်အလေးချိန်လျော့ကျရန်သာမက ခန္ဓာကိုယ် ကျန်းမာရေးအတွက်ပါ အထောက်အကူပြုစေသည်။

စမ်းပြုထား

ယခုအခါ အစားအစာများကို ပုံမှန်ထက်လျှော့စားရန်မလိုဘဲ ကိုယ်အလေးချိန်ကျစေမည့် Lobese Carbohydrate Blocker ဆေးဝါးကို Australia နိုင်ငံမှ ထုတ်လုပ်လျက်ရှိသည်။ Lobese ဆေးဝါးသည် သဘာဝပစ္စည်းဖြစ်ပြီး White Kidney Bean ခေါ်သည့် ပဲတစ်မျိုးမှ သန့်စင်ထားသည့် Phascolus Vulgaris 500-mg ပါဝင်သည်။ နိုင်ငံတကာတွင် Kidney Bean ကို ကျန်းမာရေးအတွက် အကောင်းဆုံးအစာ (World's Healthiest Food)အဖြစ် စမ်းပြုထားသည်။

Lobese သည် အစာစားချင်စိတ်လျော့ကျ၍ ခံတွင်းပျက်အောင် လုပ်ဆောင်ခြင်းမရှိ၊ စားသုံးသည့်အစာတွင်ပါရှိသည့် Carbohydrate များကို ခန္ဓာကိုယ်ထဲမှ စုပ်ယူမှုနည်းအောင် တားဆီးပေးခြင်းဖြစ်သည်။ Lobese သောက်သုံးပြီး ကယ်လိုရီ (၃၀၀) ပါဝင်သည့် ထမင်းတစ်ပန်းကန်စားသုံးသည့်အခါ ကယ်လိုရီ (၅၀)သာ ရရှိမည်ဖြစ်သည်။ Lobese သောက်သုံးခြင်းကြောင့် သုတေသနပြုလုပ်တွေ့ရှိချက်အရ တစ်လလျှင် ကိုယ်အလေးချိန်ပေါင် ခြောက်ပေါင်မှခုနစ်ပေါင်ခန့်အထိ ကျဆင်းသည်ကို တွေ့ရှိရသည်။ အစာမစားမီ ၁၅ မိနစ်ခန့်အလိုတွင် Lobese တစ်လုံး (သို့မဟုတ်) နှစ်လုံးကို တစ်နေ့နှစ်ကြိမ် သောက်သုံးနိုင်ပြီး ရေရှည်တွင် ဘေးထွက်ဆိုးကျိုးမရှိကြောင်း သိရှိရသည်။

Lobese ကို Zifam Pinnacle Pty Ltd. ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း ဒဂုံတာဝါ အခန်းအမှတ် (၁၀၃) ဖုန်း-၅၅၈၂၄၈ နှင့် ၅၄၄၄၆၇၊ E-mail : Zifamltd @ mpt. mail. net.mm www.Zifampinnacle.com က တင်သွင်းဖြန့်ချိကြောင်း သိရသည်။ **(သတင်းစဉ်)**

အိမ်တွင်းသက်မွေးမှု သင်တန်းများ ပခုက္ကူ၌ဆင်း

ပခုက္ကူ ဧပြီ ၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (ပခုက္ကူ)၏ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၁၃)နှင့် အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁၆) သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၂၅ ရက် နံနက် ၉ နာရီက အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး သင်တန်းကျောင်းအုပ်ကြီး ဒေါ်အေးအေးသောင်းက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆုချီးမြှင့်

ထို့နောက် သင်တန်းဆင်းလက်မှတ်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးက လည်းကောင်း၊ အခြေခံအိမ်တွင်းမှုသင်တန်း ထူးချွန်ဆုရ မခင်မာထွေး (နံးပို့ရွာညောင်ဦးမြို့နယ်)အား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဆင့်မြင့် သင်တန်းထူးချွန်ဆုရ မအိရွှေစင် (ထန်းတပင်ရွာ၊ ပခုက္ကူမြို့နယ်)အား ကျောင်းအုပ်ကြီး ဒေါ်အေးအေးသောင်းတို့က အပ်ချုပ်စက်တစ်လုံးစီကိုလည်းကောင်း ဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(၁၀၂)**

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြၤန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှု အဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

ရန်ကုန်တိုင်းဒေသကြီး
မဟာသကြၤန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

သတိ

သကြၤန်ကာလအတွင်း အရက်/ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ ရေကစားမဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင်ရောင်းချခြင်းများ မပြုလုပ်ရန် တားမြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး
မဟာသကြၤန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်အား ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်မှ United Nations Resident & Humanitarian Coordinator and UNDP Resident Representative Mr. Bishow B. Parajuli လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ ဌာနေကိုယ်စားလှယ် ဝန်ကြီး ဦးအုန်းမြင့်အား လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၉

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်အား ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်မှ United Nations Resident & Humanitarian Coordinator and UNDP Resident Representative Mr. Bishow B. Parajuli သည် ဧပြီ ၈ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာန ဝန်ကြီး၏ရုံးခန်းမ၌ လာရောက်တွေ့ဆုံပြီး သမဝါယမဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အသေးစား ချေးငွေလုပ်ငန်းနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေးအစွမ်းကုန်ကြိုးပမ်း ဝန်ကြီးဦးတင့်ဆန်း ဝန်ကြီးဌာနအရာထမ်းများအား တွေ့ဆုံမှာကြား

နေပြည်တော် ဧပြီ ၉

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် အားကစား ဝန်ကြီးဌာနဝန်ကြီးနှင့် အားကစား ဝန်ကြီးဌာန အားကစားနှင့် ကာယ ပညာဦးစီးဌာနအောက်ရှိ အရာထမ်း များတွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန စုပေါင်းခန်းမ ၌ ကျင်းပသည်။ အခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဦးတင့်ဆန်းက ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတကြီး၏ မိန့်ကြားချက်များသည် မိမိတို့ နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံသား တိုင်းတို့အတွက် လုပ်ငန်းလမ်းညွှန်ချက် ပင်ဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်း လမ်းညွှန်ချက်များကို ကျေကျေ ညက်ညက် သိရှိ မှတ်သားလိုက်နာ ကြရန်လိုအပ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်နိုင်နင်းနင်း၊ ကျွမ်းကျွမ်းကျင်ကျင် သွက်သွက်လက် လက်ဖြင့် စေတနာရှိစွာ တာဝန်ယူ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ အားကစားဝန်ကြီးဌာန၏ အောင်မြင်မှု သည် နိုင်ငံတကာ ပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိမှုအပေါ် မူတည်နေ၍ တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် အနီး စပ်ဆုံးပြိုင်ပွဲဖြစ်သည့် (၂၆) ကြိမ် မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲတွင် အောင်မြင်မှုများ ရရှိနိုင် ရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက် သွားကြရန်လိုအပ်ကြောင်းဖြင့် မှာကြား ခဲ့ကြောင်း သတင်းရရှိသည်။

(အောက်ပုံ) (သတင်းစဉ်)

သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း စက်တပ်ဆင်အင်အား ၁၂၀မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်

နေပြည်တော် ဧပြီ ၉

သောက်ရေခပ်(၂) ရေအားလျှပ်စစ် စီမံကိန်း၏ ရေထိန်းတမံအမျိုးအစား မှာ ကွန်ကရစ်မျက်နှာပြင် ကျောက်ဖြည့် တမံ (Concrete Faced Rock Fill Dam) (CFRD) အမျိုးအစားဖြစ်ပြီး စက်တစ်လုံးလျှင် ၄၀မဂ္ဂါဝပ်ရှိ စက် သုံးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင် အင်အား ၁၂၀မဂ္ဂါဝပ်မှ စီမံကိန်းပြီးစီး ပါက တစ်နှစ်လျှင်ပျမ်းမျှ ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၆၀၄သန်း ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းတစ်ခု ဖြစ်သည်။

ရှင်းလင်းတင်ပြ

အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းသည် ဧပြီ ၈ ရက် နံနက်ပိုင်းက ပဲခူးတိုင်း ဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့ ၏ အရှေ့ဘက် ၁၄မိုင်ခန့်အကွာ သောက်ရေခပ်ချောင်းပေါ်၌ ရေအား လျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနနှင့် ရွှေစွမ်းအင်ကုမ္ပဏီတို့ B.O.T စနစ်ဖြင့် ပူးပေါင်းအကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သောက်ရေခပ်(၂) ရေအားလျှပ်စစ် စီမံကိန်းသို့ ရောက်ရှိရာ ရွှေစွမ်းအင် ကုမ္ပဏီဥက္ကဋ္ဌက လုပ်ငန်းအခြေအနေများ ကို ရှင်းလင်းတင်ပြသည်။**(အောက်ပုံ)**

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ရေပိုလွှဲ တည်ဆောက်မည့်နေရာ၊ ဓာတ်အား ပေးစက်ရုံတည်ဆောက်နေမှု၊ ရေသွယ် ဥမင်လိုဏ်အဝင်ပိုင်း တူးဖော်နေမှု၊ ပင်မတမံ လုပ်ငန်းဆောင်ရွက်နေမှု၊ တမံအောက်ခြေအတွင်း Plinth Line Foundation ပြုလုပ်နေမှု၊ ဓာတ်အား ပေးစက်ရုံ တည်ဆောက်နေမှုနှင့် ရေသွယ်ဥမင်လိုဏ်အထွက်ပိုင်း တူးဖော် နေမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီး ဦးခင်မောင်စိုးအား ဗီယက်နမ်နိုင်ငံ သံအမတ်ကြီးနှင့် ကိုရီးယားသမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့တို့ သီးခြားစီ လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၉

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်စိုး အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Chu Cong Phung နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်အေ အဖွဲ့၏ ဥက္ကဋ္ဌ Madame Pham Thi Loan နှင့် အဖွဲ့သည် ဧပြီ ၇ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်က နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လျှပ်စစ်စွမ်းအား ကဏ္ဍ၌ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက် နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးကြ သည်။

ဆွေးနွေး

အလားတူ ဝန်ကြီးအား ကိုရီးယား သမ္မတနိုင်ငံ Hyundai Heavy Industries Co., Ltd. မှ General Manager Mr.Kim Wan Gorl နှင့် Samwha Capacitor မှ Oversea Manager Mr. Eung Jin Lee နှင့် အဖွဲ့သည် ညနေ ၃ နာရီခွဲတွင် ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လျှပ်စစ်စွမ်းအား ကဏ္ဍတွင် အမှတ်(၂) လျှပ်စစ် စွမ်းအားဝန်ကြီးဌာနနှင့် ပူးပေါင်း ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

ကျောက်ဖြူမြို့၌ လယ်ယာသန်းခေါင်စာရင်းကောက်ယူ

ကျောက်ဖြူ ဧပြီ ၉

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ လယ်ယာသန်းခေါင် စာရင်း နောက်ဆက်တွဲစာရင်း ကောက်ယူမှုလုပ်ငန်းများကို ကျောက်ဖြူမြို့နယ် ကျေးရွာများ၌ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ခြင်းကို မတ် ၁၂ ရက် မွန်းလွဲ ၁ နာရီက ကျောက်ဖြူမြို့နယ် ဂုံးချိန်ကျေးရွာအုပ်စု လယ်ဒါပြင်ကျေးရွာ၌ ကျင်းပရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးစောလှိုင် (မြေစာရင်း၊ မြေတိုင်းနှင့်ပုံနှိပ်ဌာနခွဲ)နှင့် ရခိုင်ပြည်နယ် မြေစာရင်းဦးစီးဌာနမှူး ဦးထင်ဝင်းတို့က ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်းသိရှိရသည်။ **(အောက်ပုံ)**

(မြို့နယ် မြေစာရင်း)

မီးဘေးရှောင် မလောင်ခင်တား

NIBBAN ကုန်ပစ္စည်းသစ်များ မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၉

ISO 9001: 2008 လက်မှတ် ရရှိပြီး ၃၉ နှစ်တိုင်တိုင် မြန်မာ ပြည်သူများ၏ ယုံကြည်အားပေးမှုကို အပြည့်အဝရရှိနေသော NIBBAN ELECTRIC & ELECTRONICS ၏ကုန်ပစ္စည်းသစ်များ မိတ်ဆက် ပွဲနှင့် အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဧပြီ ၅ရက် ညနေ ၆နာရီခွဲက ရန်ကုန်မြို့ ဆူးလေ ဘုရားလမ်းရှိ Traders Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် NIBBAN ELECTRIC & ELECTRONICS မှ အုပ်ချုပ်မှု ဒါရိုက်တာ ဒေါက်တာအောင်သိန်းက NIBBAN ၏ ထုတ်ကုန်သစ်များဖြစ်သော Air con, Air Cooler, ရေခဲသေတ္တာ၊ Chest Freezer, Color TV, Speaker (with USB & SD Card Reader) များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ၂၀၁၀ခုနှစ် အတွက် ရောင်းအားအကောင်းဆုံး ကိုယ်စားလှယ်များအား ဂုဏ်ပြုဆုများ ကို ပေးအပ်သည်။**(ဝဲပုံ)**

NIBBAN အမှတ်တံဆိပ် အီလက် ထရွန်နစ် ပစ္စည်းများကို အဆင့်မြင့် ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထား ပြီး Speaker များကို နှစ်နှစ်အာမခံ၊ Air con, Air Cooler, Chest Freezer နှင့် ရေခဲသေတ္တာများ ကို သုံးနှစ်အာမခံပေးကာ ပင်ရင်း SHOWROOM & SERVICES CENTRE များမှ အပြည့်အဝအာမခံ ချက်အတိုင်း တာဝန်ယူဆောင်ရွက်ပေး လျက်ရှိ ကြောင်းသိရသည်။

(သတင်းစဉ်)

10-4 (07).pmd 1 4/10/2011, 2:15 AM

နေပြည်တော်ကောင်စီ ပထမအကြိမ်
လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဧပြီ ၉

နေပြည်တော်ကောင်စီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၈ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။

ဆွေးနွေးမှာကြား

နိုင်ငံတော်သမ္မတ၏ ၃၀-၃-၂၀၁၁ ရက်နေ့ ပြည်ထောင်စုလွှတ်တော် မိန့်ခွန်း၊ ၃၁-၃-၂၀၁၁ ရက်နေ့ သမ္မတအိမ်တော်၌ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ အကြီးအကဲများ၊ ပြည်ထောင်စုအစိုးရဝင်များအား မြွက်ကြားသည့် မိန့်ခွန်း၊ ၆-၄-၂၀၁၁ရက်နေ့ သမ္မတအိမ်တော်၌ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီးများအား ပြောကြားချက်များနှင့်စပ်လျဉ်း၍ ဌာနဆိုင်ရာအလိုက် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် နေပြည်တော်ကောင်စီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

မုံရွာတက္ကသိုလ်နှင့် မုံရွာစီးပွားရေးတက္ကသိုလ် ဝန်ကြီးဒေါက်တာမြအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၉

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြအေးသည် ဧပြီ ၈ ရက်တွင် မုံရွာတက္ကသိုလ်နှင့် မုံရွာစီးပွားရေးတက္ကသိုလ်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ စီမံအရာရှိများနှင့် တွေ့ဆုံခဲ့သည်။

မှာကြား

မုံရွာတက္ကသိုလ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာစစ်ဆေးနေမှုများကို ကြည့်ရှုစစ်ဆေးစဉ် ဝန်ကြီးက အဖြေလွှာစာအုပ်များ လုံခြုံမှုရှိရေး၊ အဖြေလွှာများကို ရိုးရိုးသားသား၊ မှန်မှန်ကန်ကန်စစ်ဆေးရေးတို့နှင့် စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ *ကျော့ဖုံးမှ*

ကားများ ပြန်လည်ထုတ်လုပ်မည့်သတင်းကြောင့် တိုယိုတာ၏ ရှယ်ယာမှာလည်း ၀ ဒသမ ၉ ရာခိုင်နှုန်း ပြန်လည်မြင့်တက်လာခဲ့သည်။

သို့သော် အဆိုပါ မော်တော်ကားစက်ရုံ ၁၈ ရုံမှာ ဧပြီ ၂၇ ရက်နှင့် မေ ၉ ရက်အကြား ဂျပန်ရွှေရောင်သီတင်းပတ် အားလပ်ရက်အတွက် ပိတ်ဦးမည်ဟု ဆိုသည်။

ထိခိုက်ခဲ့ရ

ငလျင်ကြောင့် ဂျပန်ကား ထုတ်လုပ်မှုများ ရပ်ဆိုင်းထားသဖြင့် ဈေးကွက်၌ ကားအပိုပစ္စည်း ပြတ်လပ်မှုနှင့် ကြုံတွေ့နေရသည်။ ယင်းအကျိုးဆက်အဖြစ် အခြားနိုင်ငံများ၌ပါ တိုယိုတာကားပစ္စည်း ဖြန့်ချိရောင်းချမှု ထိခိုက်ခဲ့ရသည်။ **(အင်တာနက်)**

ယာဉ်မတော်တဆဖြစ်ပွားမှု ပပျောက်ရေး ကျိုင်းတုံမြို့၌ ကွင်းဆင်းစစ်ဆေး

ကျိုင်းတုံ ဧပြီ ၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးကျော်လွင် ခေါင်းဆောင်၍ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ယာဉ်ထိန်း)နှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းပါဝင်သောအဖွဲ့သည် မတ် ၃၁ ရက်က အဝေးပြေး ယာဉ်ရပ်နားစခန်းမှ တာချီလိတ်မြို့နှင့် တောင်ကြီးမြို့များသို့ ထွက်ခွာမည့်ယာဉ်များအား ယာဉ်မတော်တဆဖြစ်ပွားမှု ပပျောက်ရေး၊ ယာဉ်စည်းကမ်းလိုက်နာရေး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)** **(ကညန)**

ပြည်ထောင်စုဖွား
သွေးချင်းများ
တားဆီးကာကွယ်
မီးရန်စွယ်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၂ ခုနှစ် တန်ခူးလဆန်း ၇ ရက်၊ (အဖိတ်နေ့)
၁၀-၄-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၀၅ ၇။ ခါသကြိန်အဆို အကများ
- ၈:၁၀ ၈။ **ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ**
- ၈:၃၀ ၉။ အတီးပြိုင်ပွဲ
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ ခါသကြိန်အဆို အကများ
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်ချီတေး
- ၁၁:၁၀ ၂။ ခါသကြိန်အဆို အကများ
- ၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
- ၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၃၂)
- ၁၂:၃၀ ၅။ Golf Magazine (TV)
- ၁၂:၅၀ ၆။ မြန်မာ့ရုပ်ရှင် **ကညာပျိုနဲ့ ဇရာအို** ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ ခင်သန်းနု၊ စံရှားတင်၊ ခင်လေးဆွေ (ဒါရိုက်တာ-ဘိတ်ကလာတဲ့ ငံပြာရည်)
- ၁၄:၅၀ ၇။ International News
- ၁၅:၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃:၄၅ ၁။ **Myanmar National League MNL Grand Royal Cup 2011 ဘောလုံးပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ်** နေပြည်တော်အသင်းနှင့် မနော်မြေအသင်း
- ၅:၄၅ ၂။ ခါသကြိန်အဆို အကများ
- ၆:၀၀ ၃။ ညနေခင်းသတင်း
- ၆:၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၅။ ကာတွန်းအစီအစဉ် **ကွမ်တမ်မင်း** (အပိုင်း-၁၅)
- ၆:၄၀ ၆။ တစ်မျက်နှာ၊ တစ်ကွက်စာ **သမီးမက်သူ** (ဒုတိယပိုင်း) မိုးထက်ပိုင်၊ တေဇ၊ မိုးကောင်း၊ ရန်နိုင်၊ နေလ၊ ဟိန်းဇော်၊ ဦးခိုင်တင်၊ မေဟသီ၊ ခိုင်ပွင့်၊ ဆုဝတီမိုး၊ ဂျူးဂျူးကေ၊ သဇင်ထူးနိုင်၊ ဒေါ်ခင်မို့မို့အေး [ဒါရိုက်တာ- မေတင်(MMG)]
- ၇:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (အပိုင်း-၃)
- ၈:၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၄)
- ၁၂။ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲ **တန်ခူးလမှာ ရက်ရာဇာ** စုမီ၊ သဥ္ဇာဝင့်ကျော် [ဒါရိုက်တာ-ကျော်ဇောလင်း (အတွေးပုံရိပ်)]
- ၁၃။ **ရင်လှိုင်းခတ်သံ တေးသီဟန်**
- ၁၄။ အစီအစဉ်ပြီး၏။

မြန်မာ့အလင်း အားကစားဖောင်ပိတ်သတင်း

မန်ယူတို့ အိမ်ကွင်း၌ အောင်ပွဲခံ ချယ်လ်ဆီးတို့လည်း အမှတ်ပြည့်ရ

မောင်မောင်မြင့်ဆွေ - ရေးသားသည်

လန်ဒန် ဧပြီ ၉

ပရီမီယာလိဂ်ပွဲစဉ်(၃၂)ပြိုင်ပွဲများကို ဧပြီ ၉ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ မန်ယူနှင့် ဖူလ်ဟမ်တို့ပွဲတွင် မန်ယူတို့အနိုင်ရရှိပြီး ချယ်လ်ဆီးကလည်း ဝီဂန်ကို နိုင်ပွဲရရှိခဲ့သည်။

မန်ယူနှင့် ဖူလ်ဟမ်တို့ပွဲတွင် အိမ်ကွင်း အိုးထရက်ဖို့ဒ်၌ မန်ယူတို့ အနိုင်ရရှိရေး ကြိုးစားခဲ့သည်။ မန်ယူအတွက်ဂိုးများကို ပွဲချိန် ၁၁ မိနစ်၌ ဘာဘာတော့ဗ်က တစ်ဂိုးနှင့် ပွဲချိန် ၃၁ မိနစ်၌ ဗလင်စီယာက တစ်ဂိုး သွင်းယူခဲ့သဖြင့် မန်ယူတို့နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်ပြီး တန်းစီဇယားကို ဆက်လက်ဦးဆောင်နေဆဲပင်ဖြစ်သည်။

မန်ယူအတွက် အဖွင့်ဂိုးကို ဘာဘာတော့ဗ်(ယာ)က ဤသို့ သွင်းယူပေးခဲ့သည်။ *(အင်တာနက်ဓာတ်ပုံ)*

ရှုံးနိမ့်ခဲ့ရ

ချယ်လ်ဆီးနှင့် ဝီဂန်တို့ပွဲတွင် ချယ်လ်ဆီးတို့ တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။ ချယ်လ်ဆီးတို့ ပထမပိုင်းပွဲချိန်အတွင်း ဂိုးမသွင်းနိုင်ခဲ့သော်လည်း ဒုတိယပိုင်းပွဲချိန် ၆၇ မိနစ်၌ မာလူဒါက တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူခဲ့သည်။ ဝီဂန်တို့ ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

စပါးနှင့် စတုတ်တို့ပွဲတွင် စပါးတို့က သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ စပါးအတွက် ဂိုးများကို ၁၁ မိနစ်နှင့် ၃၄ မိနစ်၌ ခရော့ချ်က နှစ်ဂိုးသွင်းယူပြီး ပွဲချိန် ၁၈ မိနစ်တွင် မိုဒရစ်က တစ်ဂိုးသွင်းယူခဲ့သဖြင့် စပါးတို့ သုံးဂိုးရရှိခဲ့သည်။ စတုတ်အတွက် ချေပဂိုးများကို ၂၇ မိနစ်၌ အီသာရင်တန်နှင့် ၄၁ မိနစ်၌ ပင်းနန့်တို့က တစ်ဂိုးစီသွင်းယူပေးခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် စပါးက သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး အဖိုးတန် သုံးမှတ်ရရှိခဲ့ခြင်းဖြစ်သည်။

ဆန်းဒါးလန်းနှင့် ဝက်စ်ဘရွန်းတို့ပွဲတွင် ဆန်းဒါးလန်းတို့ နှစ်ဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ဝက်စ်ဘရွန်းအတွက် ဂိုးများကို ၂၈ မိနစ်၌ အိုဒမ်ဝင်ဂီ၊ ၅၄ မိနစ်၌ မူလမ်ဘူ၊ ၇၂ မိနစ်၌ ရှချာနာတို့က တစ်ဂိုးစီ သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဆန်းဒါးလန်းက ပွဲချိန် ၁၀ မိနစ်၌ ဝက်စ်ဘရွန်းမှ ရှီရေး၏ ဘောလုံးရှင်းထုတ်ရင်း ဂိုးဝင်ခဲ့သဖြင့် လက်ဆောင်ဂိုးနှင့် ၃၁ မိနစ်၌ ဘက်စလေကတစ်ဂိုး သွင်းယူပေးခဲ့သဖြင့် နှစ်ဂိုးသာ ချေပနိုင်ပြီး ဆန်းဒါးလန်းတို့ ရှုံးခဲ့ရခြင်းဖြစ်သည်။

အခြားပွဲရလဒ်များ

ဝုလ်ဗာ	၀-၃	အဲဗာတန်
ဘလက်ဘန်း	၁-၁	ဘာမင်ဂမ်
ဘော်လ်တန်	၃-၀	ဝက်စ်ဟမ်း

(အင်တာနက်)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း

မြို့နယ်များနှင့် အင်းတကော်စက်မှုဇုန် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၉

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ဧပြီ ၅ ရက် နံနက် ၇ နာရီခွဲတွင် ညောင်လေးပင်မြို့ရှိ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟန်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် အုတ်တွင်းမြို့သို့ ရောက်ရှိပြီး အုတ်တွင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်၊ ဌာနဆိုင်ရာများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်ချက်များကို မှာကြားသည်။

စစ်ဆေး

ဧပြီ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ပဲခူးမြို့နယ် အင်းတကော်စက်မှုဇုန်သို့ ရောက်ရှိပြီး အင်းတကော် စက်မှုဇုန်နယ်မြေမှူးကြီး ဦးခင်မောင်ဝင်းက စက်မှုဇုန်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ် ဦးညဏ်ဝင်းက ကုန်ပစ္စည်းအမယ်သစ်များ တိုးတက်ထုတ်လုပ်ရေး၊ ထုတ်ကုန်ဈေးကွက် ချဲ့ထွင်ရေး၊ လယ်ယာသုံး စက်ကိရိယာများ ဈေးနှုန်းချိုသာစွာ ရောင်းချပေးနိုင်ရေး၊ ရင်းနှီးမြှုပ်နှံလိုသည့် လုပ်ငန်းရှင်အသစ်များ တိုးချဲ့ဖိတ်ခေါ်ရေး၊ စက်ရုံလုပ်သားများ ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားပြီး အလူမီနီယံကြိုး ထုတ်လုပ်သည့်စက်ရုံ၊ ဘောဘယ်ယာရင် အလုပ်ရုံ၊ ကားဘီးခွေအလုပ်ရုံ၊ ရေဒီယေတာ အလုပ်ရုံနှင့် လယ်ထွန်စက် အင်ဂျင်စက်ရုံတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပဲခူးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း ပဲခူးမြို့နယ် အင်းတကော်စက်မှုဇုန်၌ ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

စည်းကမ်းရှိရမည်၊ စနစ်ရှိရမည်၊ စေတနာရှိရမည်၊ ရိုးသားရမည်

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် နေပြည်တော်ခရိုင် ဥပဒေရုံး၌ တွေ့ဆုံမှာကြား

နေပြည်တော် ဧပြီ ၉

ယခုအခါ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ ပေါ်ပေါက်လာပြီဖြစ်ကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည်လည်း နိုင်ငံတော်သစ်နှင့်အတူ လူသစ်၊ စိတ်သစ်ဖြင့် ကြိုးစားကာ တာဝန်ကျေပွန်ကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မိန့်ခွန်းနှင့်အညီ သန့်ရှင်းသောအစိုးရ (Clean Government)၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် (Good Governance) ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် လက်အောက်ခံဥပဒေရုံးများအနေဖြင့် ရုံးဌာနများကောင်းမှ နိုင်ငံကောင်းမည်ဆိုသည်ကို နှလုံးသွင်းပြီး တာဝန်ထမ်းဆောင်ကြရန်ဖြစ်ကြောင်း၊ ဥပဒေအရာရှိများ လုပ်ငန်းဆောင်ရွက်ရာတွင် "စည်းကမ်းရှိရမည်၊ စနစ်ရှိရမည်၊ စေတနာရှိရမည်၊ ရိုးသားရမည်" ဖြစ်ကြောင်း၊ ရပိုင်ခွင့်ထက် တာဝန်ကို ဦးစားပေးရန် မှာကြားလိုကြောင်း စသည်ဖြင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က နေပြည်တော်ခရိုင်ဥပဒေရုံး၌ ခရိုင်အတွင်းရှိ ဥပဒေရုံးများမှ ဥပဒေအရာရှိများ၊ ရုံးဝန်ထမ်းများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

လှည့်လည်ကြည့်ရှု

ပြည်ထောင်စုရှေ့နေချုပ်သည် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ခရိုင် ဥပဒေရုံးနှင့် ခရိုင်အတွင်းရှိ မြို့နယ်ဥပဒေရုံးများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် နေပြည်တော်ခရိုင် ဥပဒေရုံး၌ အထက်ပါအတိုင်း လုပ်ငန်းလမ်းညွှန်စကားပြောကြားခဲ့ခြင်းဖြစ်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

မဟာသင်္ကြန်ကာလအတွင်း ကန်တော်ကြီးပတ်လမ်း တစ်လမ်းမောင်းစနစ် ကျင့်သုံးမည်

ရန်ကုန် ဧပြီ ၉

မဟာသင်္ကြန်ကာလ ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်း ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်း (ကန်ရိပ်သာလမ်းနှင့် နတ်မောက်လမ်း)အား တစ်လမ်းမောင်းစနစ် ကျင့်သုံးသွားမည်ဖြစ်သည်။

သတ်မှတ်ထား

တစ်လမ်းမောင်းစနစ်မှာ ဦးထောင်ဘိုအဝိုင်း တိရစ္ဆာန်ဥယျာဉ်ဘက်မှ ကန်ရိပ်သာလမ်းသို့ အဝင်သတ်မှတ်ပြီး ကန်ရိပ်သာလမ်းအတိုင်း လက်ဝဲရစ်မောင်းနှင်၍ ထိုမှ နတ်မောက်လမ်းအတိုင်း ကမ္ဘာအေးစေတီလမ်းဆုံသို့ အထွက်သတ်မှတ်ထားရှိမည် ဖြစ်သည်။

လက်ဝဲရစ်

ကန်ရိပ်သာလမ်းသို့ ချဉ်းကပ်လမ်းများဖြစ်သည့် အထက် ပန်းဆိုးတန်းလမ်း၊ သိမ်ဖြူလမ်း၊ ဦးအောင်မြတ်လမ်းနှင့် နတ်မောက်လမ်းသို့ ချဉ်းကပ်လမ်းများဖြစ်သည့် စက်ရုံလမ်း၊ ကျိုက္ကဆံလမ်း၊ ဦးထွန်းမြတ်လမ်း၊ နတ်မောက်လမ်းသွယ်၊ ဖိုးစိန်လမ်း၊ ဗိုလ်ချိုလမ်းနှင့် ဝင်္ကပါလမ်းတို့မှ လာသည့် မော်တော်ယာဉ်များသည် ကန်တော်ကြီးပတ်လမ်း (ကန်ရိပ်သာလမ်းနှင့် နတ်မောက်လမ်း)သို့ ရောက်သည့်အခါ ညာကွေ့ပြီး လက်ဝဲရစ် သွားရောက်ရမည်ဖြစ်ကြောင်း သက်ဆိုင်ရာက နှိုးဆော်ထားသည်။

(သတင်းစဉ်)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

ယာဉ်ကြောမရှင်းဘဲ ကျော်တက်ယာဉ် မျက်နှာချင်းဆိုင်မှ ယာဉ်နှင့်တိုက်မိ

နေပြည်တော် ဧပြီ ၉

နေပြည်တော်ခရိုင် တပ်ကုန်း၌ မြို့နယ်လျှပ်စစ်ရုံးအနီး ရန်ကုန်-မန္တလေး ကားလမ်းမပေါ်၌ ယနေ့ နံနက် ၇ နာရီ မိနစ် ၄၀ တွင် ယာဉ်တိုက်မှုတစ်ခု ဖြစ်ပွားရာ လူတစ်ဦး သေဆုံးသွားခဲ့သည်။

ဖြစ်ပွားပုံမှာ မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဝင်းနိုင်ထွန်း မောင်းနှင်လာသော မှန်လုံခရီးသည်တင် ယာဉ်သည် ရှေ့ယာဉ်အား ကျော်တက်စဉ် တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားပြီး မျက်နှာချင်းဆိုင်မှ ယာဉ်မောင်း အောင်မင်းထွန်း မောင်းနှင်လာသည့် ဒိုင်နာခရီးသည်တင်ယာဉ်အား တိုက်မိ၍ ဒိုင်နာယာဉ်မှာ နောက်သို့လွင့်စဉ်ပြီး လမ်းဘေးတွင် ရပ်ထားသော ကုန်တင်ယာဉ်နှင့် ညပ်မိကာ ရပ်တန့်သွားသည်။

ဒိုင်နာခရီးသည်တင်ယာဉ်ပေါ်ပါ ခရီးသည် တပ်ကုန်းမြို့နယ် ညောင်လွန့်အရှေ့ရွာမှ ကျော်မင်းဦး(ခ)ဝဲလေး ၂၂ နှစ် (ဘ)ဦးမင်းဇော်သည် နေရာတွင် သေဆုံးပြီး ကျား ၁၃ ဦး၊ မ ကိုးဦး ဒဏ်ရာရရှိသဖြင့် သက်ဆိုင်ရာက တပ်ကုန်းဆေးရုံသို့ ဆေးကုသရန် ပို့ပေးခဲ့သည်။

အမှုဖွင့်အရေးယူ

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ဝင်းနိုင်ထွန်းအား တပ်ကုန်းမြို့နယ် ရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်းနှင့် ယာဉ်မောင်းသူများ အနေဖြင့် ယာဉ်ကျော်တက်မောင်းနှင်ရာတွင် ရှေ့နောက်ယာဉ်ကြော ရှင်း မရှင်း သေချာစွာ ကြည့်ရှုပြီးမှ ကျော်တက်မောင်းနှင်သင့်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ (ဝ၂၁)

(အောက်ပုံ)

တောင်ပိုင်းဒေသများ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၉

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဧပြီ ၁၀ ရက် မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ နေပြည်တော်အတွင်း ယာဉ်မောင်းသူများ လိုက်နာရန်။

- (၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
- (၂) အပျော်လွန်ကျူးစည်းကမ်းမဲ့ ပြိုင်မမောင်းရ၊ လုမမောင်းရ။
- (၃) မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
- (၄) ယာဉ်နံပါတ်ပြား မပါရှိဘဲ မမောင်းရ။
- (၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
- (၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
- (၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်) မပါဘဲ မမောင်းရ။
- (၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
- (၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
- (၁၀) မော်တော်ဆိုင်ကယ်မဝင်ရ သတ်မှတ်ထားသော နယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မှ စီးနင်းခြင်း လုံးဝမပြုရ။
- (၁၁) မော်တော်ဆိုင်ကယ် စီးနင်းလျှင် ဦးထုပ်ဆောင်းရမည်၊ မေးသိုင်းကြိုးတပ်ရမည်၊ နှစ်ဦးထက်ပို၍ စီးနင်းခြင်း မပြုရ၊ အရှိန်ပြင်းမောင်းနှင်ခြင်း မပြုရ၊ ဟွန်းသံစုံ တပ်ဆင်ခြင်း မပြုရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဂ) သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (**ALCOHOL TESTER**) ဖြင့် တိုင်းတာစစ်ဆေး၍ အရေးယူဆောင်ရွက်သွားပါမည်။

(ဃ) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား ဓာတ်ပုံမှတ်တမ်းရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမည်။

(င) **"သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်"**

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဧပြီ ၉

ဟိုပင်မြို့၌ ပညာအလင်းရောင် စာကြည့်တိုက်အသစ်ဖွင့်

မိုးညှင်းခရိုင် ဟိုပင်မြို့နယ် ကြာကြီးကွင်းအုပ်စု ငါးမိုင်ကျေးရွာတွင် မတ် ၂၀ ရက် နံနက် ၁၀ နာရီက ပညာအလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပရာ ဟိုပင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကို၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်တိုးတိုးမေ၊ မြို့မိ မြို့ဖ ဦးညီလေးနှင့် ရပ်မိ ရပ်ဖ ဦးသံချောင်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

လှူဒါန်း

ထို့နောက် အလှူရှင်များက စာကြည့်တိုက် ငွေပဒေသာပင်အတွက် အလှူငွေများ၊ စာအုပ်စာစောင်များ၊ မြို့မိမြို့ဖဦးသောင်းလွင်က ၁၇ လက်မ LG တီဗွီနှင့် EVD စက်တစ်စုံတို့ကို လှူဒါန်းကြသည်။

အဆောက်အအုံ

အဆိုပါ အဆောက်အအုံမှာ(၂၄× ၁၄× ၁၂)ပေ ကွန်ကရစ်ခင်း၊ အုတ်ညှပ်၊ သွပ်မိုး ဖြစ်ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်အဆောက်အအုံသစ် တောင်တွင်းကြီးမြို့၌ဖွင့်

တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ်ကျေးရွာ၌ လင်းရောင်ခြည် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၃၀ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်၌ကျင်းပရာ စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးဇော်ဌေးအောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆန်းဦးနှင့် ပရပ်ကြယ်စခန်းမှူး ဒုတိယ ရဲအုပ် မိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ (အပေါ်ပုံ)

လက်ခံယူ

ထို့နောက် အလှူရှင် ဒုတိယရဲမှူးကြီးတင်အေး ဇနီး ဒေါ်ခင်ခင် ဝင်းမိသားစုက စာအုပ်စာစောင် ၃၂၄ အုပ်၊ ဦးအောင်အောင် မိသားစု ရန်ကုန်မြို့က စာအုပ်စာစောင် ၁၂၀၊ ဦးဝင်းသိန်း (စုံစမ်းရေးမှူး)က ရေဒီယို တစ်လုံးပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတို့က လက်ခံယူခဲ့ကြကြောင်း သိရှိရ သည်။ (၁၁၇)

ဝေနှင်းမြိုင်စာကြည့်တိုက် တောင်ကုတ်မြို့နယ် ကမ်းဒေးကျေးရွာ၌ဖွင့်

တောင်ကုတ်မြို့နယ် ကမ်းဒေးကျေးရွာ၌ အလျား ၂၄ပေ၊ အနံ ၁၄ပေ၊ အမြင့် ၁၂ ပေရှိ အုတ်ညှပ်၊ သွပ်မိုး အဆောက်အအုံဖြစ်သည့် ဝေနှင်းမြိုင် စာကြည့်တိုက်ကို မတ် ၂၅ ရက် နံနက် ၈ နာရီက ဖွင့်လှစ်သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်တို့က အမှာစကားပြောကြားပြီးနောက် သံတွဲခရိုင် ဦးစီးအရာရှိ ဒေါ်ခင်မိမိနှင့် မြို့နယ်ဦးစီးမှူး ဦးမြင့်ရွှေတို့က စာအုပ်စာစောင်များ၊ ကျောက်ဖြူခရိုင် ဦးစီးအရာရှိ ဦးဌေးဝင်းက သတင်းစာတစ်နှစ်အတွက် လှူဒါန်းငွေကျပ် ၁၈၀၀၀၊ စစ်တွေခရိုင်ဦးစီးအရာရှိ ဦးအောင်ကျော်စိန်က သတင်းဂျာနယ်အတွက် တစ်နှစ်စာ လှူဒါန်းငွေများ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် အတွင်းရေးမှူး ဦးဘသန်း တို့က လက်ခံယူခဲ့ကြသည်။

ထို့နောက် ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြိုင်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြည်ဝင်းတို့က စာကြည့်တိုက်ကို ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

နေခြည်ဦး စာကြည့်တိုက်အဆောက်အအုံသစ် မန်စီမြို့နယ်၌ဖွင့်

ဗန်းမော်ခရိုင် မန်စီမြို့နယ် နမ့်မဖွဲကျေးရွာ၌ နေခြည်ဦး စာကြည့် တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်၊ ပရိဘောဂ၊ ငွေပဒေ သာပင်လှူဒါန်းပွဲကို မတ် ၂၂ ရက် ညနေ ၃ နာရီက စာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပရာ အဆိုပါစာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အုန်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းမြမြဝင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးဖြိုးကြိုင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစံဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် အလှူရှင်များဖြစ်သည့် ဦးထွန်းထွန်း-ဒေါ်ဝေဝေ မိသားစုက ငွေကျပ် ၅၀၀၀၀၀နှင့် သုတစာအုပ် ၂၀၇ အုပ်၊ ဦးထွန်းဝင်း မိသားစုနှင့် ဦးစံရွှေ မိသားစုတို့က မှန်ဗီရို နှစ်လုံး၊ ဒေါ်ထားထားအောင်က ငွေကျပ် ၃၀၀၀၀၊ ဦးလှိုင်မြင့်ဦး မိသားစုက ငွေကျပ် ၂၀၀၀၀ တို့ကို ပေးအပ်ရာ စာကြည့်တိုက် ကော်မတီဝင်များက လက်ခံယူကြသည်။

(မြို့နယ် ပြန်/ဆက်)

ဝါးခယ်မမြို့နယ်၌ သုခမိန်စာကြည့်တိုက်ဖွင့်

ဝါးခယ်မမြို့နယ် ကျုံပေါက်ကျေးရွာတွင် မတ် ၂၇ ရက် နံနက် ၉ နာရီက သုခမိန်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးထွန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြောင်းမြခရိုင် ဦးစီးအရာရှိ ဒေါ်လှကြည်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ယင်းနောက် မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်က စာကြည့်တိုက် အတွက် နာရီတစ်လုံးနှင့် စာအုပ်စာစောင် ၂၈၃အုပ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများက မဂ္ဂဇင်း၊ ဂျာနယ်နှင့် စာစောင်များပေးအပ် လှူဒါန်းကြရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာကြည့်တိုက်မှူးတို့က လက်ခံယူ ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

လှိုင်မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ မီးဘေးကြိုတင်ကာကွယ် ရေးအတွက် ဧပြီ ၆ရက်က မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန မန်နေဂျာဦးမြင့်ဆွေဦး ကြီးကြပ်၍ စက်ရုံမီးသတ်တပ်ဖွဲ့ဝင်များနှင့် စက်ရုံဝန်ထမ်းများ မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်မှု သရုပ်ပြသ ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ရွှေကူမြို့နယ် မြို့ပေါ်ရပ်ကွက်များတွင် မီးဘေး ကြိုတင်ကာကွယ် ရေး မြေစိုက်ပိုစတာကို မတ် ၂၁ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ၊ မြို့နယ်မီးသတ်ဦးစီးဌာန စခန်းမှူး ဦးတင်မောင်တိုးနှင့် တာဝန်ရှိသူများ စိုက်ထူပေးကြစဉ်။ (၀၇၃)

တာမွေမြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ဆန်း၊ မေတ္တာညွန့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် မြို့နယ်အရန်မီးသတ် တပ်ဖွဲ့ဝင်များ ဧပြီ ၇ ရက်က ရပ်ကွက်အတွင်း မီးဘေးကြိုတင်ကာကွယ် ရေးအတွက် ကွင်းဆင်းစစ်ဆေးကြစဉ်။ (၀၄၄)

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးစံပြ ကျေးရွာ အုပ်စု ဟဲနကျေးရွာတွင် မတ် ၂၇ ရက်က မီးဘေးကြိုတင် ကာကွယ်ရေးအတွက် မီးသတ်တပ်စုမှူးမြင့်အောင်၊ ဒုတိယတပ်စုမှူး တင်မောင်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးကြစဉ်။ (မီးသတ်ဦးစီးဌာန)

မန္တလေးမြို့ စဥ့်ကူးသစ်ဆိပ်ရုံး၌ မတ် ၁၂ရက်က အရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့်ဝန်ထမ်းများ မီးသတ်ဆေးဘူး၊ မီးသတ်ရေပိုက်များဖြင့် မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

10-4 (10).pmd 1 4/10/2011, 2:15 AM

ဆေးဝါးယဉ်ပါးမှုအန္တရာယ်ကာကွယ်ဖို့ အားလုံးပူးပေါင်းတိုက်ဖျက်စို့

ဒေါက်တာအောင်ထွဏ်း
(ကျန်းမာရေးဝန်ကြီးဌာန)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် နှစ်စဉ်ဧပြီလ (၇)ရက်နေ့ကို ကမ္ဘာ့ကျန်းမာရေးနေ့ (World Health Day) အဖြစ်သတ်မှတ်၍ တစ်ကမ္ဘာလုံးတွင် ကျန်းမာရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ ယခုနှစ်တွင်လည်း ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်အဖြစ် **"ဆေးဝါးယဉ်ပါးမှုအန္တရာယ်ကာကွယ်ဖို့ အားလုံးပူးပေါင်းတိုက်ဖျက်စို့"** (COMBAT DRUG RESISTANCE) ဟု သတ်မှတ်ဆောင်ရွက်ရန် နိူးဆော်ထားပါသည်။ ဆေးဝါးယဉ်ပါးမှု မဖြစ်စေရေးအတွက် လူတိုင်းက ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းထားခြင်း ဖြစ်ပါသည်။

ဆေးဝါးယဉ်ပါးမှုဆိုသည်မှာ

ပထမဆုံး ပဋိဇီဝဆေးသည် ၁၉၂၈တွင် စတင်ပေါ်ပေါက်ခဲ့သော ပင်နီဆီလင် ဖြစ်ပါသည်။ Sir Alexander Fleming က စတင်တွေ့ရှိခဲ့ပြီး ထိုအချိန်မှစ၍ ပဋိဇီဝဆေးများကိုစတင်သုံးစွဲလာသည်မှာ နှစ်ပေါင်း ၈၀ကျော်ကြာခဲ့ပြီဖြစ်ပါသည်။ ယနေ့အထိ ပဋိဇီဝဆေးအမျိုးပေါင်း ၁၅၀ကျော်နှင့် ကူးစက်ရောဂါများကို နှိမ်နင်းကုသလာသည်မှာ နှစ်ပေါင်း ၇၀ကျော် ရှိခဲ့ပြီဖြစ်သည်။ ပင်နီဆီလင် ပေါ်လာပြီးနောက် ၁၉၄၀ခုနှစ်တွင် တစ်ကိုယ်လုံးအနှံ့ ပြည်တည်နာဖြစ်စေသော အချို့ရောဂါရှင်များအား ပင်နီဆီလင်ဖြင့် ပျောက်ကင်းအောင် မကုသနိုင်ကြောင်း သိရှိခဲ့သည်မှစ၍ ဆေးဝါးယဉ်ပါးမှုပြဿနာကို စတင်သတိထားမိခဲ့ကြပါသည်။

လူသားများကို ရောဂါဖြစ်စေသော ရောဂါပိုးမွှား(Microbes)များတွင် ပဋိဇီဝဆေးများကို တွန်းလှန်နိုင်သော ပဋိဇီဝဆေးများ၏ အာနိသင်မှ လွတ်မြောက်နိုင်သော အခြေအနေနည်းလမ်းများ အသစ်ထပ်မံဖွံ့စည်းခြင်းကို ပဋိဇီဝဆေးများ ယဉ်ပါးလာခြင်းဟုခေါ်ပါသည်။ ၎င်းပိုးမွှားများသည် ပဋိဇီဝဆေးများ၏ တိုက်ခိုက်မှုကို ခံနိုင်ရည်ရှိလာသောကြောင့် စံသတ်မှတ်ထားသော ကုထုံးများသည် အကျိုးမရှိတော့ဘဲ ရောဂါများဆက်လက်တည်ရှိကာ အခြားသူများသို့လည်း ကူးစက်စေနိုင်ပါသည်။

ပဋိဇီဝဆေးယဉ်ပါးမှုသည် သက်ရှိပိုးမွှားတို့၏ ဖြစ်ရိုးဖြစ်စဉ် သဘာဝဖြစ်ပါသည်။ သင့်တော်သော အနေအထားတွင် ပဋိဇီဝဆေးဝါးကို သတ်မှတ်စံချိန်စံညွှန်းအတိုင်း သုံးစွဲလျှင် ရောဂါကိုဖြစ်စေမည့် သက်ဆိုင်ရာ ရောဂါပိုးမွှားအများစုကို ချေမှုန်းနိုင်မည်ဖြစ်ပါသည်။ ကျန်အပိုင်းမှာမူ လူ၏ကိုယ်ခံစွမ်းအားစနစ်မှ တုံ့ပြန်ဖျက်ဆီးမည်ဖြစ်ပါသည်။ ရောဂါပိုးမွှား၏ မျိုးရိုးဗီဇပြောင်းလဲမှု အနည်းငယ်ရှိနေချိန်တွင် ပဋိဇီဝဆေးကို သတ်မှတ်စံချိန်စံညွှန်းအတိုင်း မရလျှင်လည်းကောင်း၊ လူ၏ကိုယ်ခံအားစနစ် အားနည်းနေချိန်တွင်လည်းကောင်း ထိုပြောင်းလဲ မျိုးရိုးဗီဇသည် ပိုမိုတိုးပွားလာပြီး ကုသမှုမအောင်မြင်သည့်အပြင် ပဋိဇီဝဆေးယဉ်ပါးမှုကြောင့် ရောဂါပိုးမွှားများကို မထိန်းချုပ်နိုင်တော့ပေ။

ကမ္ဘာပေါ်တွင် လက်ရှိဆေးဝါးယဉ်ပါးမှုအခြေအနေ

ပဋိဇီဝဆေးများကြောင့် သေလုမြောပါးရောဂါဝေဒနာရှင်များကိုအသက်ကယ်နိုင်ပြီး မွေးဖွားစဉ်မျှော်မှန်းသက်တမ်း ပိုကြာကြာနေလာနိုင်ပါသည်။ လူများ၏ကျန်းမာရေးလည်း ကောင်းလာပါသည်။ ထိုသို့ အဖိုးတန်ပဋိဇီဝဆေးများ၊ အသစ်အသစ်ဖော်ထုတ်လာနိုင်သော ဆေးဝါးအသစ်များသည် လွန်ခဲ့သောနှစ် ၂၀-၃၀ခန့်ကတည်းက ပေါ်ပေါက်လာသော ပဋိဇီဝဆေးများကို ယဉ်ပါးသော၊ မဖြိုသောရောဂါပိုးမွှားများ၏ ခြိမ်းခြောက်မှုကို ခံနေရပြီး အသက်ကိုရန်ရှာနိုင်သော ကူးစက်ရောဂါဆိုးကြီးများကို ကုသရန်အတွက် ပို၍ခက်ခဲလာပါသည်။

ဆေးဝါးယဉ်ပါးမှုသည် လွန်ခဲ့သောအနှစ် ၂၀အတွင်းတွင် အလွန့်အလွန်ဆိုးရွားလာပါသည်။ ၎င်းအချိန်က ဆေးပညာ၊ သိပ္ပံပညာနှင့် ဆေးကုမ္ပဏီကြီးများ၏ ပူးပေါင်းကြိုးပမ်းမှုကြောင့် ပဋိဇီဝဆေးယဉ်ပါးမှုကို ပဋိဇီဝဆေးအသစ်များဖြင့် အောင်နိုင်ခဲ့ကြပါသည်။ သို့သော် ၎င်းအခြေအနေသည် အဆုံးသို့ရောက်ရှိနေပြီး နောက်ထပ် နှစ်အနည်းငယ်အတွင်း ပဋိဇီဝဆေးအသစ်တွေ့ရန်၊ ဖော်ထုတ်ရန် လုံးဝမဖြစ်နိုင်ပါ။

ယနေ့ကမ္ဘာတွင် ဆေးယဉ်ပါးသော တီဘီရောဂါဝေဒနာရှင်များမှာ တစ်နှစ်လျှင် လူနာအသစ် ၄၄၀၀၀၀ခန့်ဖြစ်ပွားနေပြီး ၁၅၀၀၀၀ခန့် သေဆုံးရပါသည်။ ငှက်ဖျားရောဂါအတွက် ရှေးဦးသုံးစွဲခဲ့သော ဆေးများဖြစ်သည့် ကလိုရိုကွင်း (Chloroquine)၊ ဆာလဖာဒေါ့စင်း၊ ပိုင်ရီမီသာမင်း (Sulfadoxine, Pyrimethamine) စသည်တို့သည် ငှက်ဖျားဒေသများတွင် ဆေးယဉ်ပါးမှုဖြစ်ပေါ်နေသည်။ အရှေ့တောင်အာရှတွင် အာတီမီစီနင် (Artemisinins) ဆေးများ ယဉ်ပါးနေသော ငှက်ဖျားရောဂါပိုးမျိုး ထွက်ပေါ်နေပါသည်။

ဆေးဝါးယဉ်ပါးမှု၏အကြောင်းရင်း

ဆေးဝါးယဉ်ပါးမှုသည် ပဋိဇီဝဆေးများကိုသုံးစွဲခြင်း၊ အထူးသဖြင့် လွဲမှားစွာသုံးစွဲခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးဖြစ်ပြီး အဏုဇီဝပိုးမွှားများသည် မျိုးရိုးဗီဇပြောင်းလဲခြင်း သို့မဟုတ် ခုခံတွန်းလှန်နိုင်သော ဗီဇကိုရရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။ မသင့်လျော်သော၊ ကျိုးကြောင်းညီညွတ်မှု မရှိသော ဆေးဝါးသုံးစွဲမှုသည် ဆေးဝါးယဉ်ပါးသော အဏုဇီဝပိုးမွှားများ ပေါ်ထွက်လာခြင်း၊ ကူးစက်ပြန့်ပွားခြင်းကို ဖြစ်စေသော အခြေအနေများ ဖြစ်ပါသည်။ ဥပမာအားဖြင့် ရောဂါရှင်တစ်ဦးသည် ညွှန်းဆိုထားသော ပဋိဇီဝဆေးဝါးများကို ဆေးပတ်လည်အောင် မသုံးစွဲလျှင်သော်လည်းကောင်း၊ အရည်အသွေးမပြည့်မီသော ဆေးဝါးများကို သုံးစွဲလျှင်သော်လည်းကောင်း ဆေးဝါးယဉ်ပါးသော အဏုဇီဝပိုးမွှားများ ထွက်ပေါ်လာခြင်း၊ ကူးစက်ပျံ့နှံ့စေခြင်းတို့ ဖြစ်စေနိုင်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ လေ့လာချက်များအရ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆေးဝါးများညွှန်းခြင်း၏ ထက်ဝက်ခန့်သာ သင့်လျော်မှန်ကန်မှုရှိကြောင်း၊ ဆေးဝါးသောက်သုံးသူများ၏ ထက်ဝက်ခန့်သည်လည်း ဆေးညွှန်းအတိုင်း မသောက်သုံးကြဘဲ မိမိသောက်ချင်သလို သောက်နေကြကြောင်း၊ ပဋိဇီဝဆေး (Antibiotics) များကိုလည်း မလိုအပ်ဘဲ အသုံးပြုနေကြသည့်အတွက် ဆေးဝါးယဉ်ပါးမှု (Resistance) အဖြစ်များကြောင်း ဖော်ပြထားပါသည်။

အချို့လူနာများတွင် အအေးပတ်၊ နှာစေး၊ ချောင်းဆိုးခြင်းများကို ချက်ချင်းသက်သာစေလို၍ ပဋိဇီဝဆေးများကို အဓိပ္ပာယ်မဲ့ သောက်နေကြသည်ကို တွေ့ရပါသည်။ ထိုရောဂါများသည် ရိုးရိုးပဋိဇီဝဆေးနှင့် မလုံလောက်ဟု စိတ်ပူပြီး စိတ်မရှည် သည်းမခံနိုင်ဖြစ်ကာ ဆေးပြင်းပြင်းနှင့် တစ်ခါတည်းပျောက်စေရန် ပဋိဇီဝဆေးကို အပြင်တွင် အလွယ်တကူ ဝယ်သောက်နေကြပါသည်။ ထို့အပြင် ဈေးကြီးပေးရသော ဆေးများကိုညွှန်းမှ ၎င်းဆရာဝန်ကို အထင်ကြီးခြင်း၊ ဈေးကြီးသော ဆေးများရောင်းမှ ၎င်းဆေးဆိုင်ကို အထင်ကြီးခြင်းတို့ ဖြစ်တတ်ပါသည်။ တိတိကျကျ ဆေးညွှန်းမပါဘဲ ပဋိဇီဝဆေးများကို မိမိသဘောဖြင့် တစ်ပြား၊ တစ်တောင့် ဝယ်သောက်နေခြင်းသည် အလွန်အန္တရာယ်များလှပါသည်။

ဆေးရောင်းသော ဆေးဆိုင်များသည် မိမိရောင်းရရင်ပြီးရော၊ မိမိ အမြတ်အစွန်းရရင်ပြီးရောသဘောနှင့် အလွယ်တကူရောင်းနေခြင်းသည်လည်း ပဋိဇီဝဆေးများ ယဉ်ပါးလာမှုအတွက် အရေးကြီးသော အခြေခံအချက်ဖြစ်ပါသည်။ ယနေ့တွင် ငွေကြေးတတ်နိုင်သူများသာမက မတတ်နိုင်သူများပါ ဆင်းရဲချမ်းသာမရွေး ဆေးဆိုင်များမှ မိမိသဘောနှင့် မိမိ လွယ်လွယ်ကူကူ ဆေးဝယ်ယူပြီး သုံးစွဲနေကြသည်မှာ စိုးရိမ်စရာကောင်းပါသည်။

လူနာအများစုသည် ငွေကြေးအဆင်မပြေသောကြောင့် မိမိတတ်နိုင်မှုနှင့် သင့်တော်သည့် ပဋိဇီဝဆေးကို ရွေးချယ်သုံးစွဲကြရပြီး ရောဂါပြင်းထန်လာ၍ ကြပ်ကြပ်မတ်မတ် ကုသရမည့်အချိန်တွင် ငွေကြေးမတတ်နိုင်တော့သဖြင့် ပဋိဇီဝဆေးကို တစ်ဝက်တစ်ပျက်နှင့် ရပ်လိုက်ကြပါသည်။ ၎င်းအခြေအနေသည် ရောဂါပိုးမွှားများ ဆေးယဉ်ပါးမှုကို ဖြစ်ပေါ်စေသည်။ ငွေကြေးတတ်နိုင်သူများသည်လည်း မိမိတို့ သက်သာသည်နှင့် ပဋိဇီဝဆေးကို ဆေးပတ်လည်အောင်မသောက်ဘဲ ရပ်လိုက်ကြပါသည်။ ထိုအခြေအနေသည်လည်း ဆေးယဉ်ပါးမှုကို ဖြစ်ပေါ်စေသည်။

အအေးမိ၊ နှာစေး၊ ချောင်းဆို၊ ကိုယ်ပူ၊ နှာချေ၊ နှာရည်ယို၊လည်ချောင်းနာ၊ ဝမ်းအကြိမ်ရေများခြင်း စသည်တို့တွင် ပဋိဇီဝဆေးကို မလိုအပ်ဘဲ မကြာခဏသုံးစွဲကြပါသည်။ ၎င်းရောဂါများသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သည့်အတွက် ဗက်တီးရီးယားအပေါ်တွင်သာ အာနိသင်ရှိသော ပဋိဇီဝဆေးများသုံးစွဲခြင်းသည် မှားယွင်းပါသည်။ ဝမ်းအကြိမ်ရေများခြင်းတွင် ပဋိဇီဝဆေးသုံးစွဲပါက လူသားတို့၏ အစာချေလမ်းကြောင်းရှိ သဘာဝပိုးမွှားများ သေစေပြီး ၎င်းပိုးမွှားများက ပုံမှန်ထုတ်ပေးနေသည့် ဗီတာမင်ဓာတ်နှင့် အခြားအသုံးဝင်သောဓာတ်များ ဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်စေသည်။

ပဋိဇီဝဆေးများကို တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများတွင် ရောဂါများကို ကုသရန်အတွက်နှင့် ကြီးထွားနှုန်းတိုးစေရန်အတွက် အသုံးပြုကြသည်။ ရောဂါကာကွယ်ရန်အတွက် အသုံးပြုသော ပဋိဇီဝဆေးများမှာ တက်ထရာဆိုင်ကလင်း (Tetracycline)၊ ကွီနိုလုံး (Quinole) အစရှိသည်တို့ ဖြစ်ကြပြီး လူသားတို့အတွက်သုံးသောဆေးများနှင့် တူပါသည်။ ၎င်းပဋိဇီဝဆေးများသည် တိရစ္ဆာန်တို့၏ တစ်သျှူးထဲတွင် တဖြည်းဖြည်း ပမာဏများပြားလာသည်။ သို့သော် စွမ်းအားနည်းသောကြောင့် ရောဂါဖြစ်လာချိန်တွင် အသုံးပြုသော ပဋိဇီဝဆေးများနှင့် ရင်ဆိုင်ရသောအခါ ခုခံတွန်းလှန်မှု၊ ဆေးယဉ်ပါးမှု ပေါ်ပေါက်လာသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူနှင့်တိရစ္ဆာန် အမြဲတမ်းနီးကပ်စွာ ထိတွေ့မှုရှိနေခြင်းကြောင့် တိရစ္ဆာန်များမှ လူသားတို့ထံ ဆေးယဉ်ပါးသော ခုခံတွန်းလှန်သော ရောဂါပိုးမွှားများ အလွယ်တကူပျံ့နှံ့စေရန် တွန်းအားပေးနေသည်။

သို့ဖြစ်၍ ဆေးဝါးယဉ်ပါးမှုအရှိန်ကို တွန်းအားပေးသော အခြေခံအကြောင်းရင်းများမှာ-

- ဆေးဝါးများအား ကြောင်းကျိုးညီညွတ်စွာ စနစ်တကျ နည်းမှန်လမ်းမှန်မသုံးစွဲခြင်း။ (တိရစ္ဆာန်ဆေးဝါးများအပါအဝင်)
- ဆေးဝါးများအား စံချိန်စံညွှန်းပြည့်မီအောင် မထုတ်လုပ်ခြင်းနှင့် စနစ်တကျ သိုလှောင်မှုမရှိခြင်း။
- ဆေးဝါးများ သယ်ယူသိုလှောင်ရာတွင် အပူအအေးမျှတအောင် လုပ်ထုံးလုပ်နည်းများအတိုင်း မဆောင်ရွက်ခြင်း။
- စောင့်ကြပ်ကြည့်ရှုခြင်း၊ သတိပေးခြင်းစနစ် အားနည်းခြင်း သို့မဟုတ် မရှိခြင်း။
- အရည်အသွေးပြည့်မီ၍ ကြားလပ်မှုမရှိသော ဆေးဝါးထောက်ပံ့ပေးသည့်စနစ် မရှိခြင်း။
- ကူးစက်ရောဂါကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်းများ အားနည်းနေခြင်း။
- ရောဂါရှာဖွေရေး၊ဆေးဝါးနှင့် ကာကွယ်ဆေးများ လျော့နည်းလာခြင်း၊ သုတေသနများနှင့် ပစ္စည်းသစ်ထုတ်လုပ်မှုများ မလုံလောက်ခြင်းတို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင်လည်း အောက်ဖော်ပြပါ အဓိကအကြောင်းများကြောင့် ဆေးဝါးယဉ်ပါးမှုဖြစ်စေကြောင်း လေ့လာတွေ့ရှိရပါသည်-

- လူနာတစ်ဦးအတွက် ဆေးအမျိုးပေါင်းများစွာညွှန်းခြင်း (Poly Pharmacy)။
- မလိုအပ်ဘဲ ပဋိဇီဝဆေးအပါအဝင် ဆေးများပေးခြင်း။
- ထုတ်ပြန်ထားသော Standard Treatment Guidelines များကို အသုံးမပြုခြင်း။
- ဆေးပတ်လည်အောင် မသောက်ခြင်း။
- နားလည်တတ်ကျွမ်းသူထံ တိုင်ပင်ဆွေးနွေးခြင်းမပြုဘဲ မိမိသဘောဖြင့် ဆေးဝယ်သောက်ခြင်းနှင့် ဆေးဆိုင်မှစပ်ပေးသော ဆေးတွဲများသောက်ခြင်းတို့ ဖြစ်ပါသည်။

ဆေးဝါးယဉ်ပါးမှု၏အန္တရာယ်

ဆေးဝါးယဉ်ပါးမှုကြောင့် အောက်ပါဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်-

- အသက်ဆုံးရှုံးမှုကို ဖြစ်စေနိုင်သည်။
  ဆေးဝါးယဉ်ပါးပြီး ခုခံတွန်းလှန်နိုင်သော အဏုဇီဝပိုးမွှားများသည် စံသတ်မှတ်ထားသော ကုထုံးများကို တုံ့ပြန်ခြင်းမရှိသောကြောင့် နာတာရှည်ဖြစ်ခြင်းနှင့် အသက်ဆုံးရှုံးခြင်းတို့ ဖြစ်စေနိုင်သည်။
- ကူးစက်ရောဂါများ ထိန်းချုပ်မှုကို စိန်ခေါ်နေသည်။
  ဆေးဝါးယဉ်ပါးမှုသည် ကုထုံးများ၏ အကျိုးသက်ရောက်မှုကို လျော့နည်းစေသည်။ အဘယ်ကြောင့်ဆိုသော် ရောဂါဝေဒနာရှင်များသည် ကာလကြာမြင့်စွာ ရောဂါခံစားရသောကြောင့် ဆေးဝါးယဉ်ပါးပြီး ခုခံတွန်းလှန်နိုင်သော အဏုဇီဝပိုးမွှားများသည် အခြားသူများသို့လည်း ကူးစက်စေနိုင်ပါသည်။
- ပဋိဇီဝဆေးမသုံးစွဲရသည့် ပဋိဇီဝဆေးမပေါ်မီအချိန်သို့ ပြန်လည်ရောက်ရှိရန်အတွက် ခြိမ်းခြောက်နေသည်။
  များစွာသော ကူးစက်ရောဂါများသည် ထိန်းချုပ်ရန်ခက်ခဲပြီး ကုလသမဂ္ဂ၏ ကျန်းမာရေးနှင့်နီးနွယ်သော ၂၀၁၅ ထောင်စုနှစ်ရည်မှန်းချက်များပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်မှု လမ်းကြောင်းကို ချွတ်ချော်စေပါသည်။
- ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်ကို တိုးမြှင့်စေနိုင်သည်။
  ရောဂါများသည် ပထမဆုံးသုံးစွဲသော ဆေးဝါးများကို ယဉ်ပါးပြီး ခုခံတွန်းလှန်နေသောကြောင့် ပိုမိုဈေးကြီးသော ကုထုံးများကို အသုံးပြုရသည်။ ရောဂါခံစားရချိန်၊ ကုသမှုခံယူရချိန်(အထူးသဖြင့် ဆေးရုံများတွင်) ကြာရှည်သောကြောင့် ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ် တိုးမြှင့်လာပြီး မိသားစုအသိုင်းအဝိုင်းတွင် ငွေရေးကြေးရေး ဝန်ထုပ်ဝန်ပိုး ဖြစ်စေပါသည်။
- ပြည်သူလူထု၏ ကျန်းမာရေးတိုးတက်မှုကို နှောင့်နှေးစေသည်။
  ဆေးဝါးယဉ်ပါးမှုသည် ခေတ်သစ်ဆေးပညာ အောင်မြင်မှုများကို ဘေးအန္တရာယ်ကျရောက်စေနိုင်သည်။ ကုသမှုများနှင့် ရောဂါကာကွယ်မှုများအတွက် ထိရောက်သော ပဋိဇီဝဆေးဝါးများမရှိလျှင် ကိုယ်အင်္ဂါအစိတ်အပိုင်းများ အစားထိုးမှု၊ ကင်ဆာဓာတ်ရောင်ခြည်ကုထုံးများ၊ အကြီးစားခွဲစိတ်မှုများ၏ အောင်မြင်မှုကို နှောင့်နှေးစေပါသည်။
- ကျန်းမာရေးဘေးကင်းလုံခြုံမှုကို ဘေးသင့်စေခြင်းဖြင့် ကုန်သွယ်ရေးနှင့် စီးပွားရေးကို ပျက်စီးစေနိုင်သည်။
  ကမ္ဘာတစ်ဝန်း ကုန်သွယ်မှုနှင့် ခရီးသွားလာမှု များပြားတိုးတက်လာခြင်းကြောင့် ဆေးဝါးယဉ်ပါးသော အဏုဇီဝပိုးမွှားများသည် ဝေးလံသောနိုင်ငံများသို့ ပျံ့နှံ့သွားနိုင်ပါသည်။

ဆေးဝါးယဉ်ပါးမှုမဖြစ်စေရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ လမ်းညွှန်ချက်

ဆေးဝါးယဉ်ပါးမှုကို တွန်းလှန်ရန်အတွက် ယနေ့မဆောင်ရွက်လျှင် မနက်ဖြန်တွင် ပျောက်ကင်းမည်မဟုတ်ပါ။

ဆေးဝါးယဉ်ပါးမှုဖြစ်ပေါ်လာခြင်းသည် ရှုပ်ထွေးသော ပြဿနာဖြစ်ပြီး အချင်းချင်းဆက်စပ်နေသော အကြောင်းအချက်များကြောင့် ဖြစ်သည်။ ထို့ကြောင့် တစ်ခုတည်းသော၊ သီးသန့်ဖြစ်သော ဆောင်ရွက်မှုနည်းလမ်းသည် အကျိုးသက်ရောက်မှု အနည်းငယ်သာရှိပါသည်။ ခြိမ်းခြောက်နေသော ကြီးထွားလာသည့် ဆေးဝါးယဉ်ပါးမှုအန္တရာယ်ကို တိုက်ဖျက်ရန်အတွက် တစ်ကမ္ဘာလုံးနှင့် နိုင်ငံအသီးသီးရှိ ကဏ္ဍပေါင်းစုံ ပါဝင်ဆောင်ရွက်မှုသည် အရေးတကြီး လိုအပ်လျက်ရှိပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် ရောဂါကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်း အစီအစဉ်များ၊ အဓိကဆေးဝါးများ အရည်အသွေး၊ ထောက်ပံ့မှုနှင့်ကျိုးကြောင်းညီညွတ်စွာသုံးစွဲမှု၊ ရောဂါကူးစက်မှု ကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်း၊ ရောဂါရှင်များ၏ ဘေးကင်းလုံခြုံမှု၊ ဓာတ်ခွဲခန်းများ၏ အရည်အသွေး ယုံကြည်စိတ်ချရမှု စသည်တို့ကို မူဝါဒလမ်းညွှန်မှု၊ စောင့်ကြပ်ကြည့်ရှုမှုကို ထောက်ပံ့ပေးခြင်း၊ နည်းပညာဆိုင်ရာ အကူအညီပေးခြင်း၊ အသိပညာ တိုးတက်စေခြင်းနှင့် ပူးပေါင်းဆောင်ရွက်စေခြင်းဖြင့် ခေါင်းဆောင်လမ်းညွှန်မှု ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံအဓိကဆေးဝါးစီမံချက်

မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အကူအညီဖြင့် ၁၉၈၈ခုနှစ်မှစတင်၍ လူတိုင်းလူတိုင်း ဘေးအန္တရာယ်ကင်းရှင်းကာ အရည်အသွေးရှိသော၊ အာနိသင်ရှိသော၊ အစွမ်းထက်သော ဆေးဝါးများကို ဈေးနှုန်းသက်သာစွာဖြင့် အချိန်မရွေး၊ နေရာမရွေး ရရှိနိုင်စေရန် ဟူသော ရည်ရွယ်ချက်ဖြင့် အဓိကဆေးဝါးစီမံချက်ကို စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံ အဓိကဆေးဝါးစီမံချက်ဆိုင်ရာ လုပ်ငန်းများအဖြစ် အဓိကဆေးဝါးခံယူချက်၊ ကြောင်းကျိုးညီညွတ်စွာ သုံးစွဲခြင်း၊ လိုအပ်သောဆေးဝါးများ စနစ်တကျ တွက်ချက်ဝယ်ယူဖြန့်ဖြူးခြင်း၊ ဆေးနှင့် ဆေးပစ္စည်းထောက်ပံ့မှု၊ စီမံခန့်ခွဲမှု စနစ်တကျရှိစေခြင်းနှင့် ဆေးဝါးများနှင့်ပတ်သက်သည့် အကြံပြုဆွေးနွေးခြင်း၊ ပညာပေးခြင်း၊ ဆက်သွယ်စည်းရုံးဆောင်ရွက်ခြင်းများကို သက်ဆိုင်ရာ နီးနွယ်ဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိပါသည်။ ဤစီမံချက်အား မြန်မာတစ်နိုင်ငံလုံးရှိ ပဏာမကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်ရှိ မြို့နယ်အားလုံးတွင် အကောင်အထည်ဖော်လျက်ရှိသည့်အပြင် ဒုတိယအဆင့်နှင့် တတိယအဆင့် ညွှန်းပို့ဆေးရုံကြီးများတွင်လည်း သက်ဆိုင်ရာ စံညွှန်းကုထုံးနှင့် စံကိုက်ဆေးကုသမှုလမ်းညွှန်စာအုပ်များကို ဆေးရုံအဆင့်အလိုက် လိုအပ်သော ဆေးဝါးများဖြင့် ပြုစုဆောင်ရွက်စေနိုင်ခဲ့ပါသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

10-4 (11).pmd 1 4/10/2011, 2:15 AM

ရွှေနန်းတော် မှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်လွှာ

[illegible] (N.V.G) [illegible] (Talents & Models Agency) [illegible] ရွှေနန်းတော် နှင့် Jewel Collection Manufacturing Co.,Ltd [illegible] (Oasis) [illegible] M.R.T.V- 4 [illegible] (Rays) [illegible] Sedona Hotel နှင့် Chatrium Hotel [illegible] Eternal Flora [illegible] Company၊ Myanmar Carbonate Company Banner Company မှ Engineer [illegible] Night Scene [illegible] Jewel Collection Manufacturing Co.,Ltd [illegible]

နိုင်ငံတကာအဆင့်မီ ရွှေနန်းတော်စိန်ရွှေရတနာဆိုင် မိသားစုနှင့် Jewel Collection Manufacturing Co.,Ltd မှ မန်နေဂျာနှင့်ဝန်ထမ်းများ

ဦးသာရင် ၏ သွက်ချာပါဒ လေဝန်းဆေးပြား

Certificate TH09/3125 Certificate TH06/3966.01

ISO 9001:2008 နှင့် GMP [illegible]

ဒဂုံသင်္ကြန်အကြိုဈေးရောင်းပွဲ

နံနက် ၁၀ နာရီမှ ည ၉ နာရီ အထိ

ဧပြီလ ၈ရက်နေ့မှ ၁၀ရက်နေ့အထိ

DAGON

သင်္ကြန် / မျက်မှန်လှလှလေးတွေ ရောက်ပါပြီ

ကျပ် ၄၅၀ မှ ကျပ် ၁၉၀၀ အထိ

ရဲမျက်မှန်

DANA AUNG

Air-con, Refrigerator, Washing Machine Sale & Service Center

DANA AUNG မှ Air-con အမျိုးအစား အမျိုးမျိုးကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါသည်။ Air-con အဟောင်းများအား အသစ်ဖြင့်လဲလှယ်တပ်ဆင်ပေးခြင်း၊ Air-con ပြုပြင်ခြင်း၊ စစ်ဆေးပေးခြင်း၊ ဆေးကြောသန့်စင်ပေးခြင်း၊ Gas ဖြည့်ပေးခြင်း၊ လစဉ် Service ပြုလုပ်ပေးခြင်း၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်ပြုပြင်ခြင်းတို့ကို လူကြီးမင်းတို့၏ အိမ်အရောက် စိတ်တိုင်းကျ အာမခံနှင့် ဝန်ဆောင်မှုပေးနေပါပြီ။

ဖုန်းလေးသာ တစ်ချက်ဆက်လိုက်ပါ။ တစ်နာရီအတွင်း ရောက်လာပါမည်။

ပိတ်ရက်မရှိ။ ဆိုင်ဖွင့်ချိန် နံနက် ၈နာရီမှ ညနေ ၆နာရီအထိ။

အမှတ်(၂၆၇)၊ ဗိုလ်မြတ်ထွန်းလမ်း(အပေါ်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဆက်သွယ်ရန် ဖုန်း-၀၁-၂၀၁၇၄၃၊ ၇၀၃၈၆၄၊ ၀၉-၇၃၀၅၅၁၁၇။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင် မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

စာမျက်နှာ ၁၁ မှ

အခြားဝန်ကြီးဌာနများ လက်အောက်ရှိ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူများနှင့် ကိုယ်ပိုင်ဆေးကုဂေဟာမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများကိုလည်း မြန်မာနိုင်ငံဆရာဝန်အသင်းမှတစ်ဆင့်လည်းကောင်း၊ ကျန်းမာရေး ဝန်ထမ်းများမွေးထုတ်ပေးရာ တက္ကသိုလ်များ၏ ဘွဲ့ကြို/ဘွဲ့လွန်သင်ရိုး ညွှန်းတမ်းများတွင်လည်းကောင်း အဓိကဆေးဝါးလုပ်ငန်းဆိုင်ရာ အသိပညာပေး လုပ်ငန်းများအား တိုးချဲ့ဆောင်ရွက်လျက်ရှိပါသည်။

အားလုံးပူးပေါင်း တိုက်ဖျက်စို့

ဆေးဝါးယဉ်ပါးမှုမဖြစ်ပေါ်စေရန်နှင့် ၄င်းဆေးဝါးယဉ်ပါးသော ပိုးမွှားများ လူထုအတွင်းသို့ ပျံ့နှံ့မသွားစေရန် ပြည်သူလူထုတစ်ရပ်လုံးတွင် တာဝန်ရှိပါသည်။ ကျန်းမာရေးဝန်ထမ်းများနှင့် သက်ဆိုင်ရာနီးနွယ်ဌာန အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဆေးဝါးကျွမ်းကျင်သူနှင့် ဆေးဝါးထုတ်လုပ်သူများ၊ ရောင်းဝယ်သူများ၊ လူနာရှင်များအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးသည် ဆေးဝါးယဉ်ပါးမှုအန္တရာယ် ကာကွယ်တိုက်ဖျက်ရေးတွင် အောက်ဖော်ပြပါအချက်များကို လိုက်နာ၍ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည် -

- တတ်နိုင်သမျှ ပဋိဇီဝဆေးများ သုံးစွဲမှုကို ရှောင်ကြဉ်ပါ။
- ဆေးဆိုင်များတွင် ပဋိဇီဝဆေးများ အလွယ်တကူ ဝယ်ယူခြင်း ရှောင်ကြဉ်ပါ။
- ပဋိဇီဝဆေးများ စတင်မသုံးစွဲမီ ဆရာဝန်၏ အကြံဉာဏ်ကို အမြဲလိုက်နာပါ။
- ဆရာဝန်ညွှန်ကြားချက်မပါဘဲ ယခင်နာမကျန်းစဉ်က သုံးစွဲခဲ့သော ပဋိဇီဝဆေးများအတိုင်း သို့မဟုတ် ဆေးလက်ကျန်များကို ပြန်လည်သုံးစွဲခြင်း မပြုလုပ်ပါနှင့်။
- သင်ခံစားရသော ရောဂါလက္ခဏာနှင့် ဆင်တူသည်ဟုထင်ပြီး သင်သုံးစွဲသောဆေးများကို အခြားသူများသို့ မပေးပါနှင့်။ ပဋိဇီဝဆေးတိုင်းသည် လူတိုင်းအတွက် အခါခပ်သိမ်း မသင့်လျော်ပါ။
- သင် သို့မဟုတ် သင့်ကလေးငယ် ရောဂါလက္ခဏာ သက်သာလာသည်နှင့် ပဋိဇီဝဆေးများသုံးစွဲခြင်း မရပ်ပါနှင့်။ ဆေးများကို ဆေးပတ်လည်သည်အထိ မှန်ကန်စွာသုံးစွဲမှသာ ရောဂါကူးစက်မှုကို အမြစ်ပြတ် တိုက်ထုတ်နိုင်ပါမည်။ တစ်ဝက်တစ်ပျက် ဆေးသုံးစွဲမှုသည် ဆေးဝါးယဉ်ပါးမှုကို ဖြစ်ပေါ်စေနိုင်သည်။
- မှန်ကန်သော လက်ဆေးခြင်းအလေ့အထ ရှိပါစေ။ ဆပ်ပြာနှင့်ရေကို အသုံးပြု၍ လက်ကို စင်ကြယ်စွာ ဆေးကြောပြီး ခြောက်သွေ့အောင်ပြုလုပ်ပြီးမှ အခြားအရာဝတ္ထုများကို ကိုင်တွယ်ပါ။ သို့မှသာ ဆေးဝါးယဉ်ပါးသော ပိုးမွှားများ လူထုအတွင်းသို့ ပျံ့နှံ့မသွားစေရန် ကာကွယ်နိုင်ပါမည်။
- ကလေးများကို ကာကွယ်ဆေး မှန်မှန်ထိုးပါ။ ကူးစက်ရောဂါများကို ကာကွယ်နိုင်သောကြောင့် ပဋိဇီဝဆေးများ သုံးစွဲခြင်းကို လျော့နည်းစေနိုင်သည်။
- အာဟာရပြည့်ဝသော အစားအစာများစားသုံးခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော အနေအထိုင်၊ အပြုအမူ၊ အလေ့အထများကိုကျင့်သုံးပါ။
- ကျန်းမာရေးဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အစိုးရမှ ထောက်ပံ့သောဆေးဝါးများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းအသီးသီးမှ လှူဒါန်းသောဆေးဝါးများကို ထိရောက်အကျိုးရှိစွာ သုံးစွဲကြ၍ ဆေးဝါးများသက်တမ်းများမလွန်မီ သုံးစွဲကြရန်နှင့် အချိန်မီမသုံးစွဲနိုင်ပါက လိုအပ်သောနေရာသို့ ရောက်ရှိစေရေး သတ်မှတ်သော လုပ်ထုံးလုပ်နည်းများအတိုင်း အဆင့်ဆင့် သတင်းပို့ ကြီးကြပ်ဆောင်ရွက်ပါ။ လူနာများအား အနာနှင့်ဆေး တည့်အောင်ပေး၍ ဆေးအညွှန်းကို သေချာတိကျစွာ ပြောပြလမ်းညွှန်ပေးပါ။
- ဆေးဝါးနှင့် ပတ်သက်သည့် ထုတ်လုပ်၊ ရောင်းဝယ် ဖြန့်ဖြူးသယ်ဆောင်သိုလှောင်သူများနှင့် ဆေးဝါးကျွမ်းကျင်သူများအနေဖြင့် နိုင်ငံတော်အစိုးရမှ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများအတိုင်း စနစ်တကျ လိုက်နာဆောင်ရွက်ကြပါ။ ။

၂၀၁၁ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ဧပြီ ၇ရက်က ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ထွန်းဦး ၂၀၁၀ခုနှစ် လူထုကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရ မြို့နယ်များနှင့် ဆန်းစစ်ဆွေးနွေးပွဲ အစီရင်ခံစာတင်ပြမှု ထူးချွန်ဆုရ မြို့နယ်များအား ဆုချီးမြှင့်ပေးအပ်စဉ်။ (၀၅၂)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

နေစွမ်းအင်သုံးမော်တော်ယာဉ် အီရန်ကျောင်းသားများထုတ်လုပ်



နိုင်ငံတကာ သတင်းပဒေသာ

တီဟီရန် ဧပြီ ၉

အီရန်တက္ကသိုလ်ကျောင်းသားများက နေစွမ်းအင်သုံး မော်တော်ယာဉ်တစ်စီးကို ဧပြီ ၇ ရက်တွင် ထုတ်လုပ်နိုင်ခဲ့ကြောင်း ပရက်တီဗွီသတင်းဌာနက ဧပြီ ၈ ရက်၌ သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံ ကာဇက်ဘင်တက္ကသိုလ်၏ သုတေသနဌာနမှ ကျောင်းသားများ ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ဒီဇိုင်းကိုလည်း ကိုယ်တိုင်ရေးဆွဲခဲ့ကြသည်။ ၎င်းနေစွမ်းအင်သုံး မော်တော်ယာဉ်ကို ဟာဗင်ဟု အမည်ပေးထားသည်။ (ဝဲပုံ)

မောင်းနှင်နိုင်

ဟာဗင် သို့မဟုတ် နေ၏တောက်ပမှုဟု အမည်ပေးထားသည့် ၎င်းမော်တော်ယာဉ်သည် အရှည် ငါးမီတာနှင့် အကျယ် နှစ်မီတာရှိသည်။ တစ်နာရီလျှင် မိုင် ၈၀ နှုန်း မောင်းနှင်နိုင်သည်။

ဒီဇိုင်းရေးဆွဲ

ယင်းမော်တော်ယာဉ်ကို ပြီးခဲ့သည့် အောက်တိုဘာလမှ စတင်ကာ အီရန်တက္ကသိုလ် ကျောင်းသားများက ဒီဇိုင်းရေးဆွဲခြင်းနှင့်တည်ဆောက်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ (အင်တာနက်)

ဂျပန်ထိပ်တန်းမော်တော်ကားကုမ္ပဏီ ငလျင်ကြောင့်ရပ်ဆိုင်းထားရာမှ ပြန်လည်ထုတ်လုပ်မည်

တိုကျို ဧပြီ ၉

ဂျပန်နိုင်ငံ၏ ထိပ်တန်းမော်တော်ကား ကုမ္ပဏီကြီးတစ်ခုဖြစ်သော တိုယိုတာကုမ္ပဏီက ငလျင်ကြောင့် မော်တော်ကားထုတ်လုပ်မှုများ ရပ်ဆိုင်းထားရာမှ ၎င်း၏ဂျပန်နိုင်ငံရှိ မော်တော်ကားစက်ရုံများအားလုံး ဧပြီ ၁၈ ရက်နှင့် ၂၇ ရက်အကြားတွင် ထုတ်လုပ်မှုများ ပြန်လည်စတင်တော့မည်ဖြစ်ကြောင်း ၎င်းကုမ္ပဏီ၏ တာဝန်ရှိသူတစ်ဦးက ဧပြီ ၈ ရက်တွင် ပြောကြားလိုက်သည်။ (ယာပုံ)

ရပ်ဆိုင်းထား

တိုယိုတာမော်တော်ကားကုမ္ပဏီသည် ပြီးခဲ့သည့် မတ် ၁၁ ရက်က ငလျင်နှင့် ဆူနာမီဖြစ်ပေါ်မှုကြောင့် ကားထုတ်လုပ်သည့် စက်ရုံ ၁၈ ရုံ၏ လုပ်ငန်းများ ရပ်ဆိုင်းထားခဲ့ရသည်။ *စာမျက်နှာ ၈ ကော်လံ ၄* ❖

ထူးခြားသည့် နေ့အပူချိန်များ ၉-၄-၂၀၁၁

ချောက်မြို့	၄၂ ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၁ ဒီဂရီစင်တီဂရိတ်

ရမည်းသင်းမြို့နယ်မှ တောင်သူ၏ ဇနီး ကလေးသုံးမြွှာပူးမွေးဖွား

ရမည်းသင်း ဧပြီ ၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် နန်းလုံးကျေးရွာအုပ်စု သာယာအေးကျေးရွာနေ တောင်သူ ဦးမောင်ဝင်း၏ ဇနီး မသိန်းသိန်းဌေး (၂၅)နှစ်သည် မတ် ၃၀ ရက် နံနက်က ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံ၌ သုံးမြွှာပူးကလေးငယ်များကို မွေးဖွားခဲ့သည်။

အဆိုပါဆေးရုံတွင် ခရိုင်ဆရာဝန်ကြီး ဒေါက်တာနီလာထွန်း၊ ကလေးအထူးကုဆရာဝန် ဒေါက်တာချိုချိုအေး၊ မီးယပ်သားဖွားအထူးကုဆရာဝန် ဒေါက်တာသင်းသင်းဦး၊ သူနာပြုအုပ်နှင့် သားဖွားဆရာမများက ဂရုတစိုက်ကြပ်မတ်ပြီး မွေးဖွားပေးခဲ့ရာ ၅ ပေါင် ၁၂ အောင်စရှိ မိန်းကလေးတစ်ဦး၊ ငါးပေါင်ရှိယောကျ်ားလေးတစ်ဦးနှင့် ၅ ပေါင် ၁၂ အောင်စရှိ ယောကျ်ားလေးတစ်ဦး ပေါင်း သုံးဦးမွေးဖွားခဲ့ခြင်းဖြစ်သည်။ ယခုအခါ မိခင်ရောကလေးများပါ ကျန်းမာလျက်ရှိကြောင်း သိရှိရသည်။ (အပေါ်ပုံ) (၀၁၁)